
DEVADATTA

# ဒေဝဒတ်

( ပန်းချီရုပ်စုံ )



ရှင်တိဿရ(ပ်)ဇော်ဒွ

Generated by CamScanner from intsig.com

# ဒေဝဒတ်

( ပန်းချီရုပ်စုံ )

ရှန်တိဘူရှ(ဏ်)ဖော်ပြ

कुशीनारा साहित्य सदन
22-डी/0 सूरज कुआँ, बशारतपुर, गोरखपुर
मो0नं0-09335847532,9335687676

သမ္မယက ပရကာရှန်

# ဒေဝဒတ်

ဗုဒ္ဓစာရိတ္တ မာလာ -- ဒေဝဒတ်

ပန်းချီရုပ်စုံ
ရှန်တိဆွရူ(ပ်)ဗော်ဒ္ဓ
သမ္မယက ပရကာရှန်

ပထမအကြိမ် ထုတ်ဝေခြင်း
ဟိန္ဒီဘာသာ (၂၀၀၂)
မြန်မာဘာသာ (၂၀၀၈)

ထုတ်ဝေသူ - သမ္မယက ပရကာရှန်

32/ 3 ကလပ်လမ်း၊ ပဉ္စိမပူရီ
နယူးဒေလီမြို့၊ ၁၁၀၀၆၃
ဖုန်း - 0091 - 11 - 519 1489/ 5450147
Fax - 5100745
Email: budhaharam@bol.net.in

© All Right Reserved

တန်ဖိုး - ရူပီး (၅၀)
မြန်မာဘာသာပြန် - ဇေယျာထွန်း
အယ်ဒီတာ - ကိုမျိုး
ကွန်ပြူတာ - ကိုညီလင်း
ပန်းချီ - ရှန်တိဆွရူ(ပ်)
ပုံနှိပ်တိုက် - သမ္မယက ပရကာရှန်

## ထုတ်ဝေသူ၏အမှာ

ဒေဝဒတ်၏ အကျင့်စာရိတ္တနှင့် ကျင့်ကြံမှုတို့မှာ လူသားများအား စံယူရန် (သို့မဟုတ်) အတုယူနိုင်ရန် သင်ခန်းစာ (သွန်သင်ခြင်း) တစုံတခုကိုမျှ မရရှိပါ။ သို့ ဤစာအုပ်ငယ်ကို ထုတ်ဝေဖြန့်ဝေခြင်း အကြောင်းရင်းမှာ ဒေဝဒတ်၏ ယုတ်ညံ့သော ကြံစည်မှုနှင့် အပြုအမူတို့ကြောင့် ရှင်တော်မြတ်ဗုဒ္ဓ၊ သာရိပုတ္တ၊ ရှင်မောဂ္ဂလန်နှင့် မြင့်မြတ်သော ဗုဒ္ဓ ဘိက္ခုသံဃအဖွဲ့၏ ကြီးမားမှု၊ မှန်မြတ်မှုတို့ကို ပရိသတ်က သိရှိနားလည်လာနိုင်ပါသည်။ ထိုအကြောင်းများကို ထောက်ရှုကာ ဤစာအုပ်ငယ်ကို ထုတ်ဝေဖြန့်ချိရပါသည်။

အမျိုးမျိုးကြိုးစားအားထုတ်ကာ လိမ်လည်ဉာဏ်ဆင်သော်လည်း ဒေဝဒတ်မှာ ရှင်တော်မြတ် ဗုဒ္ဓအား၊ လူ့လောကအကျိုးကို ဖြစ်စေသည့် တရားစစ် တရားမှန်လမ်းကြောင်းမှ ဖယ်ပစ်သွားအောင် မပြုလုပ်မစွမ်းဆောင်နိုင်ခဲ့ပါ။

ဒေဝဒတ်သည် နောက်ဆုံးတွင် အရှုံးပေးကာ မြတ်ဗုဒ္ဓနှင့် တရားတော်မြတ်ကို ခိုကိုးသွားရန် ဆုံးဖြတ်ခဲ့ရပါသည်။ သို့သော် ဒေဝဒတ်၏ နောက်ဆုံးအကြံအစည်တို့မှာလည်း အကောင်းအထည်မပေါ် မအောင်မြင်ခဲ့ပါ။

ကျွန်တော်တို့ သမ္မယက ပရကာရှန်မှ ပုံနှိပ်ထုတ်ဝေသည့် ဌာနမှ “ဗုဒ္ဓစာရိတ္တ မာလာ” ထုတ်ဝေမှုအောက်တွင် ဗုဒ္ဓဓမ္မလောကမှ များပြားသော စာရိတ္တဇာတ်ကောင်များအကြောင်းကို ဆက်လက်ထုတ်ဝေသွားရန် အစီအစဉ်များလည်း ရှိပါသည်။ ယင်းစာရိတ္တ ပုဂ္ဂိုလ်ထူးများအကြောင်းကို ပန်းချီရုပ်စုံ စာအုပ်ငယ်များအဖြစ် အိန္ဒိယနိုင်ငံရှိ ဘာသာများအပြင် အခြားနိုင်ငံခြားဘာသာများဖြင့် ထုတ်ဝေဖြန့်ချိသွားရန် အစီအစဉ်များလည်း ရှိပါသည်။

လေးစားအပ်သည့် စာဖတ်ပရိသတ်များခင်ဗျား၊ ကျွန်တော်များ၏ ရည်ရွယ်ချက်နှင့် ကြိုးစား အားထုတ်မှုတို့ကို အပြုသဘောဆောင်သည့် အမြင်မျိုးဖြင့် အနုမောဒနာပြုသွားကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ထုတ်ဝေသူ

ဘဒန္တ သဗ္ဗမင်္ဂလံ။

Generated by CamScanner from intsig.com



"အနိက္ကသာဝေါ ကာသာဝံ ယော ဝတ္ထံပရိဒဟေဿတိ
အပေတော ဒမသစ္စေန နသကာသာဝမရဟတိ။"

"အကြင်သူသည် စိတ်နှလုံးသား၏ အညစ်အကြေးကို မစင်ကြယ်ဘဲ၊ လျှော်တေ သင်္ကန်းကို ဝတ်ထား သည့် ထိုသူသည် ကိုယ်ကျင့်တရားနှင့် အမှန်တရားတို့ကို ထိန်းသိမ်းထားခြင်းမရှိပါသဖြင့် သင်္ကန်း ဝတ်ဆင်ခွင့်မရှိ။"

"ယောစ ဝန္တက သာဝဿ သာလေသု သုသမာဟိတော၊
ဥပေတော ဒမသစ္စေန သဝေ ကာသာဝဝဒမရတိ"

"စိတ်၏ (မလ) အညစ်အကြေးတို့ကို စင်ကြယ်သန့်စင်ထား၍ မြတ်သီလတို့၌ တည်ရှိနေသူသာလျှင် လျှော်တေသင်္ကန်းကို ဝတ်ဆင်ခွင့်ရှိ၏။"





# ဒေဝဒတ်

Generated by CamScanner from intsig.com

# "ဒေဝဒတ်"

ဗုဒ္ဓဘာသာဝင်တို့အတွက် ဒေဝဒတ်ဟူသော အမည်နာမသည် ကြားဖူး နားဝဖြစ်သည့် အမည်တခုဖြစ်ပါသည်။ ဒေဝဒတ်အား ရှင်တော်မြတ်ဗုဒ္ဓ၏ ဝိရောဓိ အဖြစ် အထူးသတ်မှတ် အောက်မေ့ရပါသည်။ လိမ်လည်ခြင်း၊ မဟုတ်မမှန် ပြုလုပ်ခြင်း၊ မနာလိုခြင်း၊ ဒေါမနဿပွားများခြင်း၊ နိုင်ထက်စီးနင်း ပြုခြင်းစသည့် မကောင်းသော လူ့ဂုဏ်တို့ဖြင့် ကျော်ကြားမှုရှိခဲ့သည့် ပုဂ္ဂိုလ် တဦးအဖြစ် ဗုဒ္ဓဓမ္မလောက၌ အများသိရှိထား သည့် အမည်တခုဖြစ်သည်။ ဒေဝဒတ်သည် သိဒ္ဓတ္ထဂေါတမ နောက်မှ မွေးဖွားခဲ့သည်။ ရှင်ဗုဒ္ဓမဟာပရိနိဗ္ဗာန် မဝင်ခင်ကာလတွင် ဒေဝဒတ် သေဆုံးခဲ့ရှာသည်။ ဤစာအုပ်ငယ်တွင် ဒေဝဒတ်၏ ဘဝဖြစ်စဉ်များကို ပန်းချီရုပ်စုံဖြင့် ရေးသားဖော်ပြပေးထားပါသည်။

ဒေဝဒတ်မှာ သုပ္ပဗုဒ္ဓ၏ တစ်ဦးတည်းသောသားဖြစ်သည်။ အမိတာမှာ သုဒ္ဓိုဒန၏ ညီမဖြစ်ပြီး သုပ္ပဗုဒ္ဓ၏ ကြင်ရာတော် ဖြစ်ခဲ့သည်။ သုဒ္ဓိုဒနမှာ သကျ (သကျ)အနွယ်ဝင်ဖြစ်၍ သုပ္ပဗုဒ္ဓ (သုပရဗုဒ္ဓ) မှာ ကောလိယအနွယ်ဝင် ဖြစ်သည်။ သို့သော် ယင်းအနွယ်ဝင်တို့ အချင်းချင်း ဆွေမျိုးသားချင်းများ ဖြစ်ကြကုန်သည်။ သကျနှင့် ကောလိယ အနွယ်ဝင်တို့သည် အချင်းချင်း ထိမ်းမြားမင်္ဂလာများ ပြုကြ သည့် ဓလေ့ထုံးစံရှိခဲ့ပါသည်။

သုပရဗုဒ္ဓနှင့် အမိတာတို့ အကြင်လင်မယား ဖြစ်လာခဲ့ရာ အတော်ကြာညောင်းခဲ့ပြီး အချိန်ကာလမှာ ဒေဝဒတ်ကို မွေးဖွားလာခဲ့ရပါသည်။ သားယောကျ်ား တယောက်၏ မျက်နှာကို မြင်လိုသော သုပရဗုဒ္ဓမှာ ဒေဝီ ဒေဝတာ (နတ်သမီး၊ နတ်သား) အမျိုးမျိုးတို့ကို ရှိခိုးပူဇော်ခဲ့ပါသည်။ ထိုအကြောင်းများကြောင့် သားမွေးဖွားလာသည့်အခါ သူ့နာမည်ကို ဒေဝဒတ်ဟု မှည့်ခေါ်ခဲ့ပါသည်။ အဓိပ္ပါယ်မှာ ဒေဝ (နတ်)များ၏ အာနုဘော်ကြောင့် ရရှိထားသော သားဟူ၍ အဓိပ္ပါယ်ရရှိပါသည်။

ဒေဝဒတ်မှာ ငယ်စဉ်ကတည်းက ရုပ်ရည်ချောမောလှပ၏။ ဉာဏ်လည်း ထက်မြက်၍ အလွန်စော်ကားသည့် အကျင့်ရှိသော သူငယ်တယောက် ဖြစ်ခဲ့သည်။ ကလေးဘဝ၌ သူငယ်ချင်းများနှင့် ကစားရာ၌ အချင်းချင်း စကားများတတ် သည်။ ထိုးခြင်းကြိတ်ခြင်း၊ ရန်စခြင်းစသည့် အပြုအမူတို့၌ ရှေ့ဆုံးက ပါဝင်သည်။ မိခင်ဖြစ်သူ အမိတာမှာ နေ့တရူဝ သူများ၏ တိုင်တန်း



ချက်များကို ဖြေရှင်းပေးရသည်။ သားဒေဝဒတ်မှာ ငေါက်ငမ်းခံရသော်လည်း သူ့အပြုအမူအကျင့်တို့မှာ ပြောင်းလဲလာခြင်း မရှိခဲ့ပေ။

အဘိုးအဘွားတို့၏ နေအိမ် ကပိလဝတ္ထုသို့ သွားရောက်လည်ပတ်ခြင်းကို ဒေဝဒတ်မှာ အလွန်နှစ်ခြိုက်ခဲ့သည်။ အကြောင်းမှာ ယင်းနန်းရင်ပြင်မှာ သူနှင့်အတူ ကစားဖော်များ ပေါများသောကြောင့် ဖြစ်သည်။ သူနှင့်အတူ ကစားနိုင်မည့်သူများမှာ သိဒ္ဓတ္ထ၊ အာနန္ဒာ၊ မဟာနာမ၊ နန္ဒနှင့် အနိရုဒ္ဓ ကဲ့သို့သော မင်းသားများ ရှိခဲ့ကြသည်။ ကစားကွင်းတွင် ဒေဝဒတ်၏ အပြုအကျင့်တို့မှာ လုံးဝပြောင်းလဲလာခြင်း မရှိပါ။ ဒေဝဒဟမှာ ဖြစ်ဖြစ်၊ ကပိလဝတ္ထုမှာပဲဖြစ်ဖြစ် ဒေဝဒတ်၏ အပြုအကျင့်တို့မှာ ပုံမှန်အတိုင်းဖြစ်နေရပါသည်။ ဆိုလိုရင်းမှာ ကစားဖော်၊ ကစားဖက်များနှင့် အချင်းချင်း စကားများခြင်း၊ ရန်ဖြစ်ခြင်း၊ မပြောဆိုအပ်သည့် စကားမျိုးကို ပြောဆိုခြင်း တို့သည် သူ၏ ဂုဏ်လက္ခဏာများ ဖြစ်ခဲ့ရပါသည်။



ဖခင် သုပရဗုဒ္ဓက သားကို ငေါက်ငမ်းဆုံးမခြင်းကို မိခင် အမိတာက မနှစ်မြို့ပေ။

မိခင်အမိတာမှာ သား ဒေဝဒတ်ကို အလွန်တရာချစ်မြတ်နိုးသည်။ ဖခင်ဖြစ် သူ သုပၸဗုဒ္ဓက သားအား ငေါက်ငမ်းလာသည့်အခါမျိုး၌ မိခင် အမိတာက သားဘက်က လိုက်လံကာကွယ်ပေးလေ့ရှိသည်။ ဒေဝဒတ်၏ အကျင့်ဆိုးများ အတွက်နှင့် မိဘများဖြစ်ကြသူ သုပၸဗုဒ္ဓနှင့် အမိတာတို့ လင်မယားမှာ အချင်းချင်း စကားများလာခဲ့ရပါသည်။

ကစားကွင်းတခု၌ အားကစားတခုခုကို ကစားရင်းက ရှုံးနိမ့်လာတော့မည့် အချိန်မျိုးတွင် ကစားပွဲတခုလုံးကို ဖျက်ပစ်ရန် ဉာဏ်ဆင်တတ်ရာတွင် ဒေဝဒတ်သည် အတုမရှိ စွမ်းဆောင်နိုင်သည်။ တခါတခါ ကစားစရာများကို ခိုးဝှက်ထားပြီး အချင်းပွားလာအောင် လုပ်တတ်သည်။ တခါတရံ ကစားစရာများကို ချိုးဖျက်ပစ်တတ်သည်။ ဒေဝဒတ်မှာ ဒေဝဒဟနိုင်ငံ ကောလိယတို့၏ မင်းသား ဖြစ်ကြောင်းကို မေ့ပစ်ထား၍ မရနိုင်သည့် အချက်တခုအဖြစ် မှတ်ထားရန် လိုအပ်ပေလိမ့်မည်။ ကပိလဝတ္ထုနန်းတော်မှာ သူ့အတိုးအဘွားပိုင် နန်းရင်ပြင်ဖြစ်နေကြောင်းကိုလည်း မှတ်ထားရမည့် အချက်ဖြစ်သည်။ ကပိလနန်းတော်မှ မင်းသားအပေါင်းတို့က ဒေဝဒတ်၏ ဆိုးသွမ်းမှုများကြောင့် အမြဲစိတ်သောက ဖြစ်ခဲ့ရပါသည်။



ကပိလဝတ္ထုမှ ဝမ်းကွဲညီအစ်ကိုများနှင့် ဒေဝဒတ်

အခါတပါး၌ မင်းသားသိဒ္ဓတ္ထ ဂေါတမက မင်းဥယျာဉ်တွင် စဉ်းစားတွေးတောနေသည့် မုဒြာဖြင့် တကိုယ်တည်း ထိုင်လျက်ရှိနေခဲ့သည်။ မင်းသားသည် အတွေးလွှိုင်း အမျိုးမျိုးတို့၌ နစ်မြုပ်ကာ တိတ်ဆိတ်စွာ ထိုင်နေခဲ့သည်။ ထိုခဏ၌



အထက်ကောင်းကင်ဘက်သို့ လှမ်းကြည့်ခဲ့ရာ ဟသ်ာငှက်တအုပ်က ပျံသန်းဖြတ်သွားခဲ့သည်ကို ကြည်နူးနေသော မျက်လုံးတို့ဖြင့် ကြည့်နေခဲ့သည်။ ဟသ်ာငှက်တို့ကလည်း တအုပ်ပြီးတအုပ် ပျံသန်းမြူးကြွနေကြောင်း တွေ့ရပါသည်။ စိတ်စွဲမက်ဖွယ်ရာ အလွန်ကောင်းနေသည့် ရှုခင်းဖြစ်ခဲ့ရပါသည်။

ဟသ်ာငှက်များ ပျံသန်းဖြစ်သွားခဲ့ပြီးနောက် သိဒ္ဓတ္ထမင်းသားသည် သူ့နှလုံး စိတ်ကူးလှိုင်းများတွင် နစ်မြုပ်သွားခဲ့လေသည်။

ထိုအချိန်မှာ သွေးစွန်းသော ဟသ်ာငှက်တစ်ကောင်သည် ဂေါတမခြေရင်းနားတွင် ကျလာခဲ့ သည်။ ထိုငှက်မှာ မြားတစင်း စူးဝင်နေပြီး လူးလိမ့်ကာ နာကြည်မှု ကြီးစွာခံစားနေရကြောင်း သိဒ္ဓတ္ထမြင်တွေ့ခဲ့သည်။ သူသည် ငှက်ကို ချက်ချင်း ကောက်ယူကာ ဟသ်ာကိုယ်တွင် စူးဝင်လျက်ရှိသော မြားကို အသာအယာ ဆွဲနှုတ်ခဲ့သည်။ စွန်းထင်းလျက်ရှိသောသွေးကို ရေဖြင့် အသာအယာဆေးကြောခဲ့ပြီး မိမိ၏ ရင်ခွင်တွင် ကပ်ထားကာ မိမိ၏ ကိုယ်ငွေ့တို့ဖြင့် ဒဏ်ရာကို သက်သာစေခဲ့သည်။ ထိုဟသ်ာငှက်၏ ကိုယ်မှ ဆွဲနှုတ်ထားသော မြားကို မိမိခန္ဓာကိုယ်၌ ထိုးစိုက်ကြည့်ရာ နာကြည်မှုကို ခံစားရလိုက်သည်။ မြားတို့မည်သည်မှာ မည်သည့် သတ္တဝါမဆို ကိုယ်ခန္ဓာ၌ ထိုးဝင်သွားပါက နာကြည်မှု ဒဏ်ရာဖြစ်စေမည်သာ ဖြစ်သည်။ ဒဏ်ရာကြီးပါလျှင် အသက်ပါကွယ်ပျောက် သေဆုံးသွားနိုင်ပါကြောင်း ကို ကိုယ်တွေ့မြင်တွေ့ကာ ဂေါတမ၏ နှလုံးသားတို့မှာ သနားကြင်နာမှု၊ ကရုဏာရှိတို့ဖြင့် ပြည့်လာခဲ့သည်။

ထိုအချိန်တွင် သစ်ပင်ငယ်များအကြားမှ လူတစ်ယောက် ထွက်လာနေကြောင်း ဂေါတမက လှမ်း၍ မြင်လိုက်သည်။ မကြာခင် အချိန်ကာလအတွင်း (သူ့အဒေါ်သား) ညီ ဒေဝဒတ် ပြေးလာ၍ သူ့ရှေ့တွင် ရပ်လာသည်။ ဒေဝဒတ်၏ လက်ဝယ်၌ လေးမြားကိုင်ထားကြောင်းကိုလည်း မြင်လိုက်ရသည်။ ဂေါတမ၏ ရင်ခွင်တွင် ကပ်နေသော ဟသ်ာငှက်မှာ လေးကိုင်ထားသူအား မြင်၍ မိမိအသက်သေရမည်ကို စိုးရိမ်ကာ ဂေါတမ၏ ရင်ခွင်၌ ပို၍ကပ်ထားခဲ့သည်။ ထိုအဖြစ်ကို မြင်၍ ဒေဝဒတ်က အသံဆတ်ဆတ်ဖြင့် ဤသို့ ဆိုခဲ့ပါသည်။

"ဂေါတမ သင့်ရင်ခွင်ပိုက်ထားသော ဟသ်ာငှက်မှာ ငါပိုင်ဆိုင်သော ငှက်ဖြစ်နေပါတယ်။ ငါ့အား ပြန်ပေးပါ"

ဒေဝဒတ်၏ ထိုစကားများကို ကြားရ၍ ဂေါတမမှာ အေးဆေးသော အသံ တို့ဖြင့် ဤသို့ ပြန်ဖြေခဲ့သည်။

"ဒီငှက်ကို ငါပိုင်ဆိုင်ပါတယ်"

Generated by CamScanner from intsig.com

ဒီငှက်မှာ ငါ့ငှက်ဖြစ်နေပါပြီ၊ သိဒ္ဓါတ္ထမှာ အံ့သြနေသည့် အသံတို့ဖြင့် ဒေဝဒတ်အား ပြောခဲ့လေသည်။ ဒေဝဒတ်က စိတ်ဆိုးလျက် "ဒီငှက်ကို ငါပစ်ထားတယ် ဆိုတာကို သင်မသိဘူးလား" ဟု ခပ်ဆတ်ဆတ်အသံတို့ဖြင့် ဂေါတမထံမှ ထိုငှက်ကို တောင်းလေသည်။ ဂေါတမကလည်း ဂုဏ်ဝင့်သည့် အသံတို့ဖြင့် "ဒီငှက်ရဲ့အသက်ကို ငါကာကွယ်ခဲ့တယ်ဆိုတာကို သင်သိထားဖို့ လိုအပ်ပေလိမ့်မည်" ဒေဝဒတ်မှာ ဂေါတမ ပြောပြခဲ့သည်များကို ဂရုမစိုက် "ငါပစ်ထားတဲ့ အမဲ ငါပြန်ပေးပါ"ဟုသာ ဆက်လက်၍ နဂိုအတိုင်း ခပ်ဆတ်ဆတ် တောင်းဆိုလာခဲ့သည်။

"ဒေဝဒတ် တိုးတိုးပြောပါဦး၊ ဒီငှက်က အသင့်အသံကို ကြားပြီး ကြောက်လန့်နေရပါတယ်။ ဖြည်းဖြည်းနှင့် တိုးတိုးပြောပါ" ထိုသို့ ပြောဆိုလျက် ငှက်၏ ကိုယ်ခန္ဓာကို လက်ဖြင့် အသာအယာ ပွတ်သပ်နေခဲ့သည်။

"ငါပစ်မှတ် တည့်လို့ ဒီငှက်ကောင်းကင်မှ မြေပေါ်သို့ ကျလာခဲ့တာပါ။ ဒါကြောင့် ဒီငှက်ကို ငါပိုင်ပါတယ် ဂေါတမ"

"မှန်ပါတယ်၊ အသင်ပစ်လိုက်တဲ့ မြားမှန်ကာ ဒီဟင်္သာငှက် ကျလာတယ် ဆိုတာကို ငါသိပါတယ်၊ ဒါပေမဲ့ ဒီဟင်္သာငှက်ကို အသင်မရနိုင်တော့ဘူး" ဟု ဂေါတမက တည်ငြိမ်စွာ ပြောခဲ့သည်။

"ဘာပြုလို့ ငါမရနိုင်တော့တာလဲ" ဒေဝဒတ်က အံ့အားသင့်သည့် စကားလုံးနှင့် မေးမြန်းခဲ့ပြန် သည်။

"အသင် ဒေဝဒတ် သင် နားမလည်သေးဘူးလား၊ ငါက ဒီငှက်ရဲ့ အသက်ကို ကယ်ထားတယ်၊ ဒါကြောင့် ဒီအကောင်ကို ငါပိုင်တယ်၊ အသင် နားမလည်နိုင်သေးဘူးလား" ဂေါတမက ပြန်ပြောခဲ့သည်။

"ဘာပဲ ပြောပြော ငါပစ်ထားတဲ့ အမဲ ငါပိုင်တယ်၊ ငါ့ပစ္စည်း ငါ့ပြန်ပေးမှ ဖြစ်မယ်" ဟု ဒေဝဒတ်က ရန်စကားမျိုးဖြင့် တုံ့ပြန်လာခဲ့သည်။ ဒေဝဒတ်၏ စိတ်နှင့် သဘောထားကို အားလုံးအသိပင် ဖြစ်ကြကုန်သည်။ ဝိဝါဒများလာမှာကို စိုးရိမ်လာ၍ သူတို့နှစ်ယောက်ကြား ဖြစ်ပေါ်လာခဲ့သည့် ဤဝိဝါဒကို မင်းကြီးထံ သွားရောက်ရှင်းကြရန် သဘောတူခဲ့ကြသည်။

မင်းသားနှစ်ပါးစလုံးတို့သည် မင်းကြီးရှေ့တော်မှောက်သို့ ခစားလာခဲ့ကြ လေသည်။ မင်းကြီးမှာ ရာဇကုမာရ သိဒ္ဓါတ္ထက ဟင်္သာငှက် တစ်ကောင်ကို ရင်ဝယ်ပိုက်ထားပြီး၊ မင်းသားဒေဝဒတ်က လေးမြားတို့ ကိုင်ဆောင်ထားကြောင်းကို မြင်တွေ့ရ၍ "ဟဲ့ ချစ်သားမင်းသားတို့ အဘယ်သို့သော အကြောင်းများကြောင့် ငါမင်းကြီးထံ လာရောက်ကြရ ပါသလဲ" အကြောင်းစုံကို လျှောက်တော်မူကြရန် ပြောခဲ့ပါသည်။





ဒေဝဒတ်မှ သူပစ်ထားသော ဟင်္သာငှက်အား သိဒ္ဓါတ္ထထံ တောင်းဆိုနေပုံ

ဒေဝဒတ်မှာ ရှေ့သို့ တိုးလာကာ ဖြစ်ပုံကိုပြောပြ၍ ဟင်္သာငှက်ကို သူပိုင်ဆိုင်နေသည်ဖြစ်၍ သူ့အား ပေးခိုင်းရန် တောင်းဆိုခဲ့ပါသည်။ ဖြစ်ပွားပုံကို အစအဆုံးသိရှိပြီး မင်းကြီးမှာ ရယ်မောလာကာ တူတော်မောင် ဒေဝဒတ်၏ ကျောကို ယုယစွာ လက်ဖြင့်ပွတ်သပ်လျက် "ငါ့တူ အသက်ရှင်နေသည့် သတ္တဝါအပေါ် ထိုသတ္တဝါ၏ အသက်ကိုကာကွယ်ပေးသူမှသာ ပိုင်ဆိုင်မှု သတ်မှတ်ရပါသည်။ ရာဇကုမာရ ဂေါတမမှာ ဤသတ္တဝါငယ်၏ အသက်ကို ကာကွယ်ပေးထားသည့် အတွက် ဤသတ္တဝါ အပေါ် မင်းသား၏ ပိုင်ဆိုင်မှု သတ်မှတ်ရမှာ ဖြစ်ပါသည်။ သုဒ္ဓေါဒနမင်းကြီးက မင်းသားနှစ်ပါးတို့ အကြား ဖြစ်ပွားနေသည့် ထိုဝိဝါဒကို ဤသို့ ရှင်းပေးခဲ့သည်။ ထိုအဖြစ်ကို မကျေနပ်နိုင်သော ဒေဝဒတ်က မင်းကြီးအား ဤသို့ ဆက်လက်လျှောက်ထားပြန်သည်။

"အရှင်မင်းကြီး ဖဘုရား၊ အကယ်၍ ဤငှက်မှာ သေဆုံးသွားခဲ့သည် ရှိသော် ထိုအမဲကို မည်သူ၏ ပိုင်ဆိုင်ခွင့် သတ်မှတ်ရပါမည်နည်း၊" မင်းကြီးက ရယ်မောလျက် သေဆုံးသွားခဲ့သည်ရှိသော် ပစ်သူ၏ ပိုင်ဆိုင်မှု သတ်မှတ်ရမှာဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

ဦးရီးတော်မင်းကြီး ပြောစကားများကို မကျေနပ်သည့် ဟန်ဖြင့် "ဒီငှက်ကောင် မသေဆုံးခဲ့တာဟာ နာတယ်ကွယ်" တီးတိုး ညည်းတွားခဲ့သည့် အသံဖြင့်

ထိုနန်းရင်ပြင်တွင် ရပ်နေကြကုန်သော အမတ်မင်းတို့ဘက်သို့ ဒေါသမျက်လုံးဖြင့် ကြည့်မိခဲ့လေသည်။ အမတ်တစ်ယောက်က ဒေဝဒတ်၏ မကျေနပ်မှုကို သိရှိနားလည်ကာ မင်းကြီးနားသို့ ချဉ်းကပ်လျက် မင်းကြီးသို့ တစုံတခု ပြောပြလေသည်။ မင်းကြီးမှာ ထိုအမတ်၏ အကြံပြုချက်ကို ချက်ချင်း နားလည်သဘောပေါက်ကာ လက်ခံသည့်ဟန်ဖြင့် မိမိဦးခေါင်းကို ညိမ့်နေကြောင်း တွေ့ရှိခဲ့ရလေသည်။

ထိုအမတ်မင်းမှာ ဒေဝဒတ်အား ရည်ညွှန်းကာ ဤသို့ဆိုခဲ့လေသည်။ "အသင် ဒေဝဒတ်မင်းသား၊ မင်းကြီး၏ ဆုံးဖြတ်ချက်မှာ အသင်မင်းသားအား စိတ်ကျေနပ်မှု မဖြစ်စေသည့် ဟန်ကို ဖော်ပြနေကြောင်း တွေ့မြင်ရနေပါသည်။ သို့ဖြစ်ပါ၍ အသင်မင်းသား ကျေနပ်မှု ရှိနိုင်အောင် နောက်တမျိုးဖြင့် စဉ်းစားပြုလုပ်ဆုံးဖြတ်ပူရန် အရှင်မင်းမြတ်က သဘောတူပြီးဖြစ်ကြောင်း အများ ရှေ့မှောက်တွင် အကျွန်ုပ် တင်ပြကြေညာလိုပါသည်။



ဒဏ်ရာရ ဟသာၤငှက်က သိဒ္ဓါတ္ထ၏ခြေရင်းသို့ မရမကလျှောက်လာပုံ

ဒဏ်ရာရ ဟသာၤငှက်ကို နန်းတော်ပြင် ဗဟိုနေရာတွင် အများရှေ့မှောက် ချထားရမည်ဖြစ်သည်။ သက်ဆိုင်ရာ အချင်းဖြစ် မင်းသားနှစ်ပါးတို့သည် ထိုငှက် ချထားသည့်နေရာ တဖက်တချက်တွင် (၁၀)လှမ်း ကွာဝေးသည့်နေရာတို့၌ မတ်တပ်ရပ်ပေးနေရမည်။ အလယ်တွင် ချထားသော ဟသာၤငှက်က ရပ်နေကြသော မင်းသားနှစ်ပါးများအနက် လျှောက်သွားသည့်သူသည် ဤဟသာၤငှက်ကို ပိုင်ဆိုင်ခွင့်ရှိကြောင်း သတ်မှတ်ရမည်ဖြစ်ကြောင်း ကြေညာခဲ့



သည်။ ဒေဝဒတ်ကလည်း ယခုစီမံဆုံးဖြတ်မှုကို ဝမ်းပန်းတသာ လက်ခံသွားနိုင်မည့်အကြောင်းကို ပြန်ပြောဝန်ခံခဲ့ပါသည်။

အစောက အမတ်မင်းကြေညာခဲ့သည့်အတိုင်း ဒဏ်ရာရ ဟသာၤငှက်ကို နန်းရင်ပြင်အလယ် ဗဟိုနေရာတွင် ချထားခဲ့ကြပြီး မင်းသားနှစ်ပါးတို့သည် (၁၀) လှမ်းမျှ ဝေးကွာသည့် နေရာတို့၌ တဖက်တချက်တွင် သွားရောက်မတ်တပ်ရပ်ပေးခဲ့ကြပါသည်။ အလယ်ဗဟိုတွင် ချထားသော ငှက်သည် ဒေဝဒတ်အား မြင်လျှင်မြင်ချင်း ကြောက်လန့်ကာ မရမက မိမိအတောင်များကို ခတ်လျက် သိဒ္ဓါတ္ထထံ ပြေးသွားခဲ့သည်။

အဖြစ်အပျက်ကို ကိုယ်တွေ့ တွေ့မြင်ကြသော သူများမှာ မင်းသားသိဒ္ဓါတ္ထအား ကောင်းချီး မင်္ဂလာ ပေးကြလေကုန်သည်။ ဒဏ်ရာရ ငှက်မှာ ကရုဏာရှင်၏ လက်ဝယ်သို့ ပြန်ရောက်သွားကာ အသက်ချမ်းသာခွင့်ရသည့်ပမာ ခံစားမှုမျိုးကို ခံစားရလေပေသတည်း။

ရက်အနည်းငယ်အတွင်း ထိုဟသာၤငှက်၏ ဒဏ်ရာပျောက်သွားသည်အခါ သိဒ္ဓါတ္ထမှာ ထိုငှက်ကို ဥယျာဉ်တော်၌ ပြန်လွှတ်ပေးခဲ့သည်။ ငှက်မှာ နဂိုအတိုင်း လွတ်လပ်စွာ တောထဲသို့ ပျံဝဲကာ ပျောက်ကွယ်သွားခဲ့ပါသည်။



ဒဏ်ရာပျောက်ကင်းသွားသော ဟသာၤငှက်အား ပြန်လွှတ်ပေးလိုက်ပုံ

Generated by CamScanner from intsig.com

ထိုနေ့မှစ၍ ဒေဝဒတ်မှာ ဂေါတမကို မိမိရန်သူအဖြစ် သတ်မှတ်ခဲ့သည်။ ဂေါတမမှာ ထိုအဖြစ်ကို တင်ကြိုသိထားသော်လည်း ကရုဏာရှင် သိဒ္ဓတ္ထမှာ ငှက်အသက်ကိုသာ ဦးစားပေး ကာကွယ်သွားခဲ့ရာ ဒေဝဒတ်၏ ရန်လိုမှုကို ပဓာနထား စဉ်းစားခြင်း မပြုခဲ့ပါ။ သိဒ္ဓတ္ထဂေါတမနှင့် ဒေဝဒတ်မင်းသားတို့ သဘောသဘာဝများမှာ မိုးနှင့်မြေလောက် ခြားနားသည်။



ဘုရားလောင်းသိဒ္ဓတ္ထ ဗုဒ္ဓအဖြစ်ကို ရယူလို့ငှာ ဒုက္ကရစရိယာကျင့်ကြံနေပုံ

ဗုဒ္ဓအဖြစ်ကို ရရှိထားပြီးနောက် (၂)နှစ်ကာလ လွန်ခဲ့ပြီးသည့်အခါ ရှင်တော် မြတ်ဗုဒ္ဓမှာ မိမိ၏ ဘိက္ခုသံဃအဖွဲ့ဝင် သံဃာများနှင့်အတူ ခမည်းတော်မင်းကြီး သုဒ္ဓေါဒန၏ ဖိတ်မန္တက ပြုချက်အရ ကပိလဝတ္ထု နေပြည်တော်သို့ ကြွလာခဲ့တော်မူသည်။ ဘိက္ခုသံဃာများနှင့်အတူ ဘုရားရှင်သည် ကပိလဝတ္ထု၌ (၇)ရက်တိတိ သီတင်းသုံးတော်မူခဲ့ပါသည်။ ထိုကာလအချိန်တွင် ချစ်သားရာဟုလာနှင့် ညီတော် နန္ဒတို့အား ဥပဇ္ဈယ်ပြုစေခဲ့ပြီး ဗုဒ္ဓသံဃအဖွဲ့၌ သွတ်သွင်းခဲ့ဘူးသည်။ ထိုသို့ ညီတော်နန္ဒနှင့် သားတော် ရာဟုလာတို့အား ဘိက္ခုသံဃအဖွဲ့တွင် ပါဝင်စေပြီးနောက် ဘုရားရှင်သည် ကပိလဝတ္ထု နေပြည်တော်၏ အနီးအနားတွင် တည်ရှိနေခဲ့သည့် အနုပိယာဂါမရွာရှိ သရက်ဥယျာဉ်သို့ ထွက်ခွာလာခဲ့ပြီး သံဃာများနှင့် အတူ သီတင်းသုံးနေထိုင်တော်မူခဲ့သည်။

သကျအနွယ်ဝင်မင်းသားများမှာ ရှင်တော်မြတ်ဗုဒ္ဓ၏ ဂုဏ်သတင်းကျော်စောမှုတို့ကို ကြားသိရပြီးဖြစ်၍ ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်များကို အတော်စွဲမက်စိတ်ဝင်စားမှု ရှိခဲ့ကြပါသည်။ ၎င်းတို့မှာလည်း ဗုဒ္ဓထံ ဥပဇ္ဈယ်ခံယူကာ



တရားတော်မြတ်တို့ကို အားထုတ်ဆည်းပူးကာ မိမိတို့ လူ့ဘဝဖြစ်ရခြင်း၏ အမှန်မြတ်ဆုံး အကျိုးရလဒ်ကို ရှာဖွေလိုကြသည့် စိတ်များ ဖြစ်ပေါ်လာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကပိလဝတ္ထုနေပြည်တော်မှ မင်းသားခြောက်ပါးတို့သည် ဗုဒ္ဓထံ ဥပဇ္ဈယ်ခံယူရန် စိတ်ပိုင်းဖြတ်ဆုံးဖြတ်ကြခဲ့သည်။ တနေ့ မိုးလင်းနီးနီး အချိန်ကာလတွင် ၎င်းမင်းသား ခြောက်ပါးတို့သည် ကပိလဝတ္ထုမှ အနုပိယာသို့ ထွက်လာခဲ့ကြသည်။ ၎င်းတို့မှာ မင်းသားဒေဝဒတ်မှ အပါအဝင် မင်းသား အာနန္ဒာ၊ အနုရုဒ္ဓ၊ ဘဒ္ဒိယ၊ ကိမ္ဗိလနှင့် မင်းသား ဘဂ္ဂုတို့ ပါဝင်ခဲ့ကြသည်။ ယင်းအဖွဲ့နှင့်အတူ ၎င်းတို့၏ ဆတ္တာသည် ဖြစ်သူ ဥပါလိလည်း ပါဝင်ခဲ့သည်။ ဘုရားရှင်မြတ်စွာသည် အနုပိယာတွင် သီတင်းသုံးလျက်ရှိကြောင်းကို သိရှိထားပြီးဖြစ်သော ထိုမင်းသားများအစုမှာ အနုပိယာကို ဦးတည်ထွက်လာခဲ့ကြသည်။ မင်းသားများဖြစ်နေကြသည့်အားလျော်စွာ အားလုံးတို့မှာ အဖိုးတန် မင်းဝတ်မင်းစားများကို ဝတ်ဆင်ထားခဲ့ကြသည်။ ဘိက္ခုသံဃအဖွဲ့ဝင်အဖြစ် လက်ခံ ဥပဇ္ဈယ်မပြုခင် ၎င်းတို့ဝတ်ဆင်ထားသည့် တန်ဖိုးရှိ အဝတ်အစားများကို ချွတ်ပစ်ရကြောင်းကို သိရှိထားသော ထိုမင်းသားအုပ်စုမှာ မိမိတို့ မင်းသားဝတ်စုံများကို ချွတ်ယူကာ ဆတ္တာသည် ဥပါလိအားပေးကာ ကပိလဝတ္ထုသို့ ပြန်နိုင်းကြလေသည်။ ဤတန်ဖိုးကြီးမားသည့် အဝတ်အစားဖြင့် တသက်စာ အသက်မွေးဝမ်းကျောင်းပြုလော၊ ငါတို့မှာ ရှေ့ကို ခရီးဆက်ရန် ရှိပါသေးသည်ဟု မှာကြားကာ ဥပါလိ အား ပြန်နိုင်းခဲ့ကြလေသည်။



ဥပါလိသည် မင်းဝတ်တန်ဆာပလာအထုတ်ကို သစ်ကိုင်းတကိုင်းတွင် ချိတ်ထားခဲ့ကာ မင်းသားများနောက်သို့ ပြန်လိုက်သွားပုံ

Generated by CamScanner from intsig.com

တန်ဖိုးကြီးမားသည့် အဝတ်အစားများ တန်ဆာပလာများကို အထုတ်တခုဖြင့် ထုတ်ကာ မိမိပခုံးပေါ်တင်ကာ ဥပါလိသည် ထိုနေရာမှ ကပိလဝတ္ထုဘက်သို့ ထွက်ခွာလာခဲ့ရာ လမ်းခရီးတနေရာရှိ အရိပ်ကောင်းနေသည့် အပင်တပင်အောက်၌ ထိုင်ကာ ခေတ္တအနားယူခဲ့သည်။ အပင်အောက်တွင် ထိုင်ကာ အနားယူနေစဉ် ဥပါလိမှာ ဤသို့ စဉ်းစားတွေးတောလာသည်။ သကျအနွယ်ဝင်များသည် အလွန်စိတ်ထားခက်ခဲပြင်းပြကြသော သူများဖြစ်ကြသည်။ မင်းသားတို့ ပေးအပ်ထားသော ဤပစ္စည်းပစ္စယများနှင့် အတူ ငါ့ကို မြင်တွေ့ကြမည့် သကျတို့က ငါ့အား သံသယမကင်းဖြစ်ကြလိမ့်မည် ဆိုပါက ငါဆတ္တာသည်က ကောင်းကောင်း ဒုက္ခ ဧကန် ရောက်နိုင်ပါသည်။ အသက်ပါ ဆုံးရှုံးခံသွားရနိုင်ပါသည်။ ထိုသို့သော အတွေးများသည် ဥပါလိခေါင်းထဲ၌ ပေါ်ပေါက်လာခဲ့သည်။ သို့ဖြစ်ပါ၍ ဥပါလိသည် ထိုအထုတ်ကို ထိုသစ်ပင်ကိုင်း တခုပေါ် ချည်နှောင်၍ ချိတ်ထားခဲ့သည်။

သကျတို့ လက်ချက်ဖြင့် အသတ်ခံနေရမည့်အစား ငါသည်လည်း အရှင်မင်းသားများသွားရာ နောက်သို့ လိုက်သွားပါက ပို၍ သင့်တော်ပေလိမ့်မည်ဟု ယူဆကာ မင်းသားတို့သွားရာ လမ်းအတိုင်း နောက်ကလိုက်သွားခဲ့သည်။ သူသည် မင်းသားများကို မီအောင် ခပ်သွက်သွက် အပြေးအလွှား သွားခဲ့ရာ မကြာမီကာလအချိန်တွင် မင်းသားများအုပ်စုနှင့် တွေ့ဆုံခဲ့ပါသည်။ ဥပါလိလိုက်လာရာကို မြင်တွေ့ကာ မင်းသားတို့မှာ အံ့ဩသင့်ကြကုန်၏။ အရှ့ မင်းသားတို့ သွားရာကို ကျွန်တော်မျိုးကိုလည်း လိုက်ပါခွင့် ပြုကြပါလော့ ဟူ၍ ဥပါလိက မင်းသားတို့အား ပြောပြတောင်းပန်ခဲ့သည်။

အသင်ဥပါလိ ငါတို့မင်းသားအပေါင်းတို့မှာ ရှင်ဗုဒ္ဓဘုရားထံ ဥပဇ္ဈာယ ခံယူပြီး ဗုဒ္ဓသံဃ အဖွဲ့ဝင်အဖြစ် ပြုလုပ်လိုသည့် စိတ်ဆန္ဒရှိကြသည်ဖြစ်၍ အရှင်ဘုရား ဃခုသီတင်းသုံးလျက်ရှိသည့် အနုပိယာရွာသို့ သွားနေကြပါသည်။

မိမိတို့ မင်းဝတ်မင်းစားများကို ချွတ်ကာ ဥပါလိအား အပ်နှံပေးခဲ့စဉ်က ဒေဝဒတ်က မိမိပိုင် အဖိုးတန် ကျောက်သံပတ္တမြားအချို့တို့ကို မိမိဦးခေါင်းရှိ ဆံပင်များကြားမှာ ထိုးကာ ဝှက်ထားခဲ့၏။ ရှေ့ကို ခရီးဆက်သွားကြရာ စွန်တစ်ကောင်က ထိုးဆင်းလာက ဒေဝဒတ်၏ ဦးခေါင်းမှာ ဝှက်ထားသည့် ထိုပတ္တမြားကို ချီယူပျံသန်းသွားခဲ့သည်ကို မင်းသားအပေါင်းတို့က တွေ့မြင်သွားခဲ့ရာ ဒေဝဒတ်မှာ ကောင်းကောင်းအရှက်ကွဲခဲ့ရပါသည်။

အနုပိယာသို့ ရောက်ရှိလာသောအခါ မင်းသားအပေါင်းတို့သည် ဦးစွာ ပထမ မိမိတို့၏ ကျေးကျွန်ဖြစ်သူ ဥပါလိအား ဥပဇ္ဈာယ ပြုပေးရန် ဘုရားထံ



တောင်းဆိုကြသည့်အလျောက် ဦးဆုံး ဥပါလိက ဥပဇ္ဈာယ ပြုပေးခြင်းကို ခံစားခဲ့ရပါသည်။ ပြီးမှ မင်းသားအပေါင်းတို့လည်း ဗုဒ္ဓ ဓမ္မ၌ ဥပဇ္ဈာယ ခံယူခဲ့ကြသည်။ ဥပါလိမှာ မင်းသားအပေါင်းတို့အား ပြုစုလုပ်ကျွေးခဲ့သော ယုံကြည်လေးစားဘွယ်ရာ ကျွန်တယောက်ဖြစ်ခဲ့သည်။ သူ့ကို ယခုလို အရင်ဥပဇ္ဈာယ ပေးစေခြင်းက သူ၏ လုပ်ကျွေးမှုများကို လေးစားခဲ့ကြသည့် အဖြစ်ကို အသိအမှတ်ပြုစေသည့်အလိုငှာ ဖြစ်ပါသည်။ ဗုဒ္ဓဓမ္မ၌ အရင် ဥပဇ္ဈာယ ပြုခံရသော ရှင်ရဟန်းတို့အား နောက်မှ ဥပဇ္ဈာယ ပြုခံရသော သာမဏေရဟန်းတို့သည် အစဉ်လေးစားဦးညွှတ်ရသည့် ထုံးတမ်းစဉ်လာ ရှိသည့်အတွက် ဥပါလိအား အရင်ဥပဇ္ဈာယ ခံစေပြီးနောက်တွင် အာနန္ဒာ စသော မင်းသားတို့မှာ ဥပဇ္ဈာယ ခံယူခြင်းဖြစ်သည်။

မင်းသားအပေါင်းတို့အား ဗုဒ္ဓဓမ္မသံဃအဖွဲ့ဝင်အဖြစ် ဥပဇ္ဈာယ ပေးပြီး နောက် ရှင်ဗုဒ္ဓသည် ဘိက္ခုသံဃာများနှင့်အတူ ကောသာမ္ဗီဖက်သို့ ထွက်ခွာ လာခဲ့ရာ လမ်းခရီးအကြားတည်ရှိသော ကျေးရွာဇနပုဒ်များ၌ လှည့်လည်၍ တရား ဟောခဲ့ပါသည်။ ယင်းကျေးရွာများ၌ နေထိုင်ကြကုန်သော ရွာသူရွာသားများသည် ရှင်ဗုဒ္ဓအား ဖူးမြော်ရန် အားတက်သရော တရားပွဲများသို့ တက်ရောက်လာ၍ တရားဓမ္မများ နာကြားကြကုန်၏။ လမ်းခရီးတွင် စခန်းချသည့် နေရာတိုင်းတွင် များပြားသော ဥပါသကာနှင့် ဥပါသိကာတို့မှာ ဆွမ်းကွမ်း၊ သင်္ကန်း၊ ဆေးဝါးစ သည့် ဝတ္ထုပစ္စည်းများကို လာရောက်လှူဒါန်းကြကုန်သည်။ များပြားသော ဘိက္ခုများအနက် အလှူရှင်တို့မှာ သာရိပုတ္တရ၊ ရှင်မောဂ္ဂလန်၊ ရှင်မဟာကဿပ၊ ရှင်ဘဒ္ဒိယနှင့် ရှင်ဘိရဂုစသော ရဟန်းများအား မေးမြန်းပြီး အရှိအသေပြုကာ ဖူးမြော်ကြပါသည်။

ဤသို့နှင့် နှစ်လများ ကြာခဲ့ပြီးဖြစ်သည်။ ရှင်တော်မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓသံဃာ တို့၏ ဂုဏ်သတင်း တို့မှာ အရပ်လေးမျက်နှာတို့တွင် ကျော်ကြားတည်မြဲလာပြီး ဖြစ်နေပါသည်။ ဗုဒ္ဓနှင့် သံဃာများ ကြွရာ အရပ်တို့၌ လူတို့သည် စုဝေးလာပြီး ဗုဒ္ဓတရားဓမ္မတို့၏ အမြိုက်ရည်များကို သောက်သုံးကြကုန်၏။ ရှင်ဗုဒ္ဓနှင့် ဗုဒ္ဓသံဃ အဖွဲ့မှ သံဃာဘိက္ခုပေါင်း (၈၀)ကျော်တို့၏ ဂုဏ်သတင်းသည် မဇ္ဈိမဒေသ တလျှောက် ကျော်စောပြန့်နှံ့လာခဲ့ပါသည်။ ပြည့်ရှင်ဘုရင်မင်းများနှင့် လူမှုအသိုက် အဝန်းမှ သူဌေးသူကြွယ်အများအပြားတို့က ဗုဒ္ဓ၏ တပည့်သာဝကများ ဖြစ်လာ ကြကုန်၏။ နေရာဒေသအနှံ့တို့၌ ဘိက္ခုသံဃာများ တည်းခိုနိုင်ရန် ဝိဟာရကျောင်း သင်္ခမ်းများ ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သည်။

Generated by CamScanner from intsig.com

စောစောက တင်ပြထားခဲ့ပြီးအတိုင်း ရှင်တော်မြတ်ဗုဒ္ဓနှင့် ရှင်သာရိပုတ္တ အစရှိသော ရဟန္တာတို့ ဂုဏ်သတင်း ကျော်ကြားလာမှုက ဒေဝဒတ်အတွက် တဖြည်းဖြည်းနှင့် သဝန်တို မနာလိုစရာ ဖြစ်လာခဲ့ရပါသည်။ ဒါယကာ၊ ဒါယိကာတို့ သည် အထူးသဖြင့် စောစောကတင်ပြခဲ့ဖြစ်သော ရဟန်းရှင်မြတ်တို့အား မေးမြန်း ဖူးမြော် လှူဒါန်းနိုင်ရန် ပြုလုပ်လာခဲ့ကြပြီး ဖြစ်လာသည်။ ထိုရဟန်းမြတ်တို့၏ ကျော်ကြားမှုက ဒေဝဒတ်အတွက် မခံမရပ်နိုင်သည့်အဖြစ်သို့ ကျရောက်ခဲ့စေ သည်။ ပင်ကိုယ်သဘောသဘာဝအတိုင်း ဒေဝဒတ်မှာ ရန်လိုခြင်း၊ သဝန်တိုခြင်း၊ ဒေါသကြီးခြင်း၊ ကလိမ်ဉာဏ်ဆင်ခြင်းတို့အတွက် ကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ရာ ယခုဆိုလျှင်လည်း ဘာမျှပြောင်းလဲခြင်း မရှိခဲ့ပါ။ “ဒေဝဒတ် စဉ်းစား တွေးလာပုံမှာ – ငါလည်း အခြားမင်းသားများနှင့်အတူ ရဟန်းဘောင်သို့ တက်လာခဲ့သူ တယောက်ဖြစ်၏။ ငါလည်း သူတို့လို ခတ္တိယလူမျိုးအနွယ်ဝင် တစ်ဦး ဖြစ်ပါသည်။ ဗုဒ္ဓနှင့် နီးစပ်ဆုံး ဆွေမျိုးသားချင်း တော်စပ်သူလည်း ဖြစ်ပါသည်။ အဘယ်သို့သော အကြောင်းများကြောင့် ဒါယကာ၊ ဒါယိကာတို့မှာ ငါ့ကို မေးမြန်း ခြင်း၊ လေးစားကြည်ညိုခြင်း၊ ဖူးမြော်ခြင်း စသည်တို့ကို မလုပ်ကြရပါသနည်း။



ရှင်ဗုဒ္ဓ၏ ထင်ပေါ်ကျော်ကြားမှုများကို ဒေဝဒတ်မှ သဝန်တို မနာလိုဖြစ်နေပုံ





သားတော် အဇာတသတ်မင်းသားအား မိခင် မိဖုရား ဆလနာဒေဝီမှ ဒေဝဒတ်နှင့်မိတ်ဆက်ပေးနေပုံ

ယုတ်ညံ့သည့် သဘာဝရှိသူ ဒေဝဒတ်၏ စိတ်နှလုံးတို့မှာ မနာလိုမှု စိတ်များဖြင့် ပြည့်လျှံလာခဲ့ပြီး မိမိအား အများလေးစားကြည်ညိုလာရန် အဘယ်သူ၏ ကူညီဆောင်ရွက်မှုများကို ယူရပါမည်နည်း။ အဘယ်သူထံ ချဉ်းကပ်ရပါမည်နည်း၊ စသည့် ကိစ္စဝိစ္စများကို တွေးတောရှာဖွေလာခဲ့ပါသည်။

မဂဓပြည့်ရှင် ဘုရင် ဗိမ္ဗိသာရနှင့် တောင်ညာစံ မိဖုရားကြီး ဝါသကီဒေဝီ တို့မှာ အစကတည်းကပင် ရှင်တော်မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓတရားဓမ္မကို ခိုကိုးကြည် ညိုကြသူများ ဖြစ်ခဲ့ကြသည်။ မင်းကြီး ဗိမ္ဗိသာရမှာ ဗုဒ္ဓတရားဓမ္မပြန့်ပွားရေးကို ရည်မှန်းကာ ဗုဒ္ဓဝိဟာရ ကျောင်းများတည်ဆောက် လှူဒါန်းခြင်း၊ သံဃာများ တရားပွားများရေးကို အထောက်အကူဖြစ်စေမည့် ဝတ္ထုပစ္စည်းများကို လိုလေ သေးမရှိအောင် စီမံပြုပေးထားသည်။ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားငယ် ဆလနာ မှာ ဝေသာလီမင်းမျိုး မင်းနွယ်မှ လာခဲ့ရသူတစ်ဦး ဖြစ်သည်။ ထိုမိဖုရားမှာ ဂိုဏ်းဘာသာဓမ္မကို စတင်ခဲ့သူ ဆွာမိမဟာဝိဟာရ၏ နီးစပ်သော ဆွေမျိုးသား ချင်း ဖြစ်ပါသည်။

Generated by CamScanner from intsig.com

ဗိမ္ဗိသာရ မင်းကြီးနှင့် တောင်ညာစံမိဖုရားကြီး ဝါသဝီတို့မှာ ရှင်ဗုဒ္ဓနှင့် ပေါင်းပြီး ဗုဒ္ဓဓမ္မတိုးပွားရာ၊ တိုးပွားကြောင်းကိုသာ စိတ်ပါဝင်စားမှုကြီးစွာဖြင့် ဆောင်ရွက်ပေးနေခြင်းတို့ကို မြင်တွေ့၍ မိဖုရားငယ်ဖြစ်သူ ဆလနာမှာ မနာလိုမှုများ တိုးပွားလာခဲ့ရပါသည်။ မိဖုရား ဆလနာမှ ဖွားမြင်ထားသော သားတော် အဇာတသတ် (အဇာတ်ရှတြု)သည် ငယ်စဉ်ကလေးဘဝကတည်းက မိုက်မဲသော အကျင့်ရှိ၍ ရမ္မက်ကြီးသည့် မင်းသားတစ်ပါးဖြစ်ခဲ့သည်။ မိခင်မိဖုရား ဆလနာမှာ သားတော် အဇာတသတ် (အဇာတ်ရှတြု)၏ ရမ္မက်ကြီးမှုကို အစဉ်သဖြင့် လောင်စာထည့်ပေးခဲ့ပါသည်။

ရှင်ဗုဒ္ဓအား အမြဲမနာလို ဖြစ်လာခဲ့သော ဒေဝဒတ်ကို သားတော်မောင်နှင့် ဆက်ပေးသူမှာ မိဖုရား ဆလနာပင်ဖြစ်သည်။

ဗိမ္ဗိသာရမင်းကြီး၏ မိမိအပါအဝင် သိန်းသောင်းမက မဂဓ ပြည်သူလူထု နှင့်အတူ တထောက် မြတ်ဗုဒ္ဓအား ကြိုဆိုကြည်ညိုခြင်းကို ဒေဝဒတ်နှင့် ထပ်တူထပ်မျှ မိဖုရား ဆလနာတို့၏ စိတ်နှလုံးထဲမှာ ဆူးနှင့်ထိုးဆွသည့်ပမာ ခံစားနေရသည်။ တပြိုင်တည်းမှာ ရှင်ဒေဝဒတ် တွေးတောလာသည်ကား သူ့အနေဖြင့် ဗုဒ္ဓအား လှည့်ဖြားယူရန် မဖြစ်နိုင်သည့် ကိစ္စတခုဖြစ်နေပါသည်။ ဤသို့ အခြေအနေမျိုး တွင် ဒေဝဒတ်မှာ မင်းသား အဇာတသတ်နှင့် မိခင်မိဖုရား ဆလနာတို့၏ ကူညီပံ့ပိုးမှု ယူသွားရန် စိတ်ပိုင်းဖြတ်ခဲ့ပါသည်။ မင်းသားမှာ လူငယ်လူရွယ်ဖြစ်ပြီး စဉ်းစား တွေးမြင်ဉာဏ် မရင့်ကျက်သေးသည့် အချိန်မျိုးတွင် သူ့မှာ သင့်မသင့်၊ ကောင်းမ ကောင်း အပြုအမူတို့ကို ပြုလုပ်ဆောင်ရွက်သွားရန် လက်နှေးနေမည်မဟုတ်ဟု တွက်ချက်ခဲ့ပါသည်။ ထိုသို့သော အကြောင်းမျိုးကြောင့် ဒေဝဒတ်မှာ အဇာတ သတ်နှင့် နီးစပ်မှုရအောင် ပြုလုပ်လာခဲ့သည်။ ဒေဝဒတ် ကိုယ်တော်တိုင်က ထိုအချိန်အထိ သာမန် သိဒ္ဓိအချို့တို့ကို ရရှိထားပြီး ဖြစ်နေသည်။ မိမိရရှိထားပြီး ဖြစ်သည့် သိဒ္ဓိအစွမ်းကို သုံးစွဲကာ ရှင်ဒေဝဒတ်သည် ဗိမ္ဗိသာရမင်း၏ မိဖုရား ငယ်ဖြစ်သူ ဆလနာဒေဝီ၏ နီးစပ်ခိုကိုးမှုကို ရယူရာတွင် အောင်မြင်ခဲ့သည်။

ရာဇဂီရိ (ရာဇဂြိုဟ်)သို့ ရောက်ရှိလာကတည်းက ဒေဝဒတ်သည် မဂဓ ပြည့်ရှင် နန်းဦးလျာ အဇာတသတ်အား နည်းလမ်းအမျိုးမျိုးဖြင့် မြူဆွယ်ရန် ကြိုးစားလာခဲ့ပါသည်။ မင်းသားနန်းလျာကို မဟုတ်မမှန် မြှောက်ပင့်ခြင်း၊ ချီးမွမ်း ပြောဆိုခြင်းတို့ကို လုပ်လာခဲ့သည်။ မင်းသားအဇာတသတ် မှာလည်း ရှင်ဒေဝဒတ် ၏ သြဇာလွှမ်းမိုးမှုအောက် မနက်ညနေတိုင်း ရှင်ဒေဝဒတ်အား သွားရောက်ဖူးမြော် ခြင်း၊ ပုံမှန်အားဖြင့် ဆွမ်းဘောဇဉ် ခွက်ပေါင်း (၅၀၀)တို့ကို ပြင်ဆင်တည်ပေးခြင်း



စသည်တို့ကို လုပ်လာခဲ့ပါသည်။ ရှင်ဒေဝဒတ်က အိမ်ရှေ့မင်းသားကို ဖခမည်း တော်မင်းကြီး ဗိမ္ဗိသာရအား ဖယ်ရှားတော်လှန်ပြီး မဂဓထီးနန်းကို အပိုင်သိမ်း ယူခြင်း ကိစ္စများအတွက် နှိုးဆော်ဆွပေးခဲ့သည်။ တနေ့တခြား အခြေအနေ ဆိုးရွားလာအောင် ပြုလာခဲ့သည်။ အိမ်ရှေ့မင်းသားကလည်း ထီးနန်းကို ရယူလို သော ရမ္မက်စိတ်များ ပြင်းပြလာခဲ့ရာ ခမည်းတော်မင်းကြီး အား သတ်ဖြတ်ပြီး ထီးနန်းကို သိမ်းပိုက်မည့်အဆင့်ထိ ဖြစ်လာခဲ့ရပါသည်။



ဒေဝဒတ်မှ မင်းသားအဇာတသတ်အား အမျိုးမျိုးမြူဆွယ်ခဲ့သည်။

ရှင်ဒေဝဒတ်မှာ ဒကာကြီး အိမ်ရှေ့မင်းသားအား ကွယ်ရာမှာ အောက်ပါအတိုင်း ဟောပြော၍ စည်းရုံးခဲ့ပါသည်။ လူ့ဘဝသည် အင်မတန် တိုတောင်းလှပါသည်။ ယခင်ခေတ်များတွင် လူတို့မှာ သက်တမ်းရှည်လျားစွာ နေထိုင်ခဲ့ရသော်လည်း ယခုအချိန်ကာလမှာ လူတို့၏ သက်တမ်းမှာ တိုတောင်း လာခဲ့ပြီ၊ ပြီးတော့ ဘယ်သူက ဘယ်အချိန်ကွယ်လွန် အနိစ္စရောက်သွားရမည်ကို မည်သူမျှ ကြိုတင်သိ ထားခြင်း မရှိပါ။ သို့ဖြစ်နေရသည့် အမှန်တရားတို့ကြောင့် ငါဆရာသည် ဒကာကြီးကို နှိုးဆော်တိုက်တွန်းချင်သည်မှာ မဂဓထီးနန်းကို စိုးမိုးပိုင်ဆိုင်မှုရအောင် မင်းကြီး ဗိမ္ဗိသာရ ကွယ်လွန် အနိစ္စရောက်မည့် အချိန်ကို

Generated by CamScanner from intsig.com

စောင့်မနေသင့်ပါဘူး၊ ငါဆရာ ဘုန်းကြီးကလည်း ဒကာကြီးအပေါ် စာနာမှုများရှိ၍ ပြောပြခြင်းဖြစ်သည်။ ငါလည်း ဖြစ်သည့်နည်းလမ်းမျိုးဖြင့် ရှင်ဗုဒ္ဓကို ဖယ်ရှားပြီး ဗုဒ္ဓသံဃအဖွဲ့၏ ဦးစီးနာယကအဖြစ်ကို ရယူမှာဖြစ်သည်။ ရည်မှန်းချက်တူနေသည်ဖြစ်သော ငါဘုန်းကြီးနှင့် ဒကာကြီး အိမ်ရှေ့မင်းသားတို့ ပူးပေါင်းကြံစည်ပြုလုပ်သွားမှ ငါတို့ပန်းတိုင်ကို ဆွတ်ခူးသွားနိုင်မှာဖြစ်သည်။ ရှင်ဒေဝဒတ်မှာ အခွင့်အရေးရလျှင်ရတိုင်း ဤသို့သော စဉ်းလဲသည့် အပြုအမူတို့ကို ပြုလုပ်သွားရန် မင်းသားအား သင်ပေးခဲ့သည်။

တနေ့တွင် အိမ်ရှေ့မင်းသား အဇာတသတ်က ထက်မြတ်သော ဓားငယ်တခုကို မိမိဝတ်ဆင်ရာတွင် ဖွက်ဝှက်ကာ ဖခမည်းတော်မင်းကြီးစံရာနန်းဆောင်သို့ မင်းကြီးအားသတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ဝင်သွားခဲ့ရာ မင်းကြီးစံရာ နန်းဆောင်အပြင်ရှိ အစောင့်အရှောက်များက တွေ့ရှိသွားခဲ့သည့်အတွက် အဇာတသတ်အား စစ်ဆေးမေးမြန်းရာတွင် မင်းသား၏ အကြံအစည်များ ပေါ်ပေါက်လာခဲ့သည်။ တံခါးမှူးအစောင့်များနှင့် တာဝန်ရှိအမတ်များက မင်းသားအား ဖမ်းဆီးချုပ်နှောင်ကာ ဗိမ္ဗိသာရမင်းကြီး၏ ရှေ့တော်မှောက်သို့ ခေါ်သွားခဲ့ကြသည်။



တံခါးမှူးအစောင့်များမှ အဇာတသတ်အား ဖမ်းဆီးလာပုံ



မင်းကြီးမှာ သားတော်မင်းသားကို ထိုအခြေအနေမျိုးတွင် မြင်တွေ့ကာ ကြီးစွာအံ့သြသင့်မိ သည်။ မင်းသား၏ ခြေလက်တို့ကို သံကြိုးများဖြင့် ချုပ်နှောင်ထားသည်။ မင်းသားမှာ ယနေ့ဆိုလျှင် ရာဇဝတ်ကောင်တယောက်အဖြစ် မင်းကြီးရှေ့မှောက်တွင် သူ့ဦးခေါင်းကို အောက်သို့ ညွတ်ကိုင်းထားကာ သူ့မျက်လုံးများအောက်သို့ စိုက်ကြည့်ဟန်ဖြင့် ရပ်လျက်ရှိခဲ့ပါသည်။ သူကျူးလွန်ခဲ့သည့်အပြစ်ကို သိရှိနားလည်နေသဖြင့် သူ့ကိုသူ ရှက်မိနေသည်။ အမတ်မင်းများက ဖြစ်ရာအမှန်ကို မင်းကြီးအား လျှောက်ထားကြလေသည်။



တံခါးမှူးအစောင့်များက အဇာတသတ်အား ဖမ်းဆီး၍ ဗိမ္ဗိသာရမင်းကြီးထံ ခေါ်လာပုံ

အဖြစ်အပျက်အစအဆုံးကို မင်းကြီးက နားထောင်ခဲ့သည်။ သို့သော် ဒေါသစိုးစဉ်းမျှ မထွက်ဘဲနှင့် ချိုသာသည့်အသံတို့ဖြင့် သားတော်အား ဤသို့ မေးမြန်းခဲ့ပါသည်။ "ချစ်သား မင်းသား၊ ကိုယ့်ဖခင်ကို သတ်မည့် ကြီးလေးသောအပြစ်မျိုးကို အဘယ်အတွက် ကျူးလွန်ချင်လှတာလဲ" "ထီးနန်းကို လိုချင်လို့" ဟူ၍ မရှက်မကြောက် ဖြေခဲ့ပါသည်။ မဟာရာဇာမှာ သားတော်ထံမှ ထိုစကားများကို ကြားရ၍ အံ့သြသင့်မိခဲ့သည်။ "ထီးနန်းကို လိုချင်လို့ ဟုတ်ပါရဲ့လား" "ဟုတ်ပါတယ်၊ ကျုပ်မဂဓနိုင်ငံနှင့် ထီးနန်းကို စိုးမိုးချင်ပါတယ်" ဟု အဇာတသတ်က ပြန်ပြောခဲ့ပါသည်။

ရာဇပလ္လင်မှ ထလျက် မင်းကြီးက ဤသို့ဆိုခဲ့၏။ "ဤထီးနန်းနှင့် ရာဇာပလ္လင်ဟာ သားတော်ပိုင်ပဲ ဖြစ်ပါတယ်။ ကိုယ်ပိုင်တဲ့အရာ ကိုယ်ရရှိဖို့ အဖေကို

Generated by CamScanner from intsig.com

သတ်ဖို့ လိုသေးရဲ့လား" ဟုပြောဆိုကာ မင်းကြီးမှာ နန်းသဘင်ခန်းမမှ အပြင်သို့ ထွက်သွားခဲ့လေသည်။ ဖခမည်းတော်မင်းကြီး ထွက်သွားမှ အဇာတသတ်မင်းသား က ရာဇာပလ္လင်ပေါ် တက်ထိုင်လိုက်တော်မူခဲ့သည်။

မိမိကိုယ်ကို မိမိ မဂဓနိုင်ငံဘုရင်အဖြစ်ကို ခံယူကာ ဖခမည်းတော်မင်းကြီး ဗိမ္ဗိသာရနှင့် မိဖုရားကြီး ဝါသဝီဒေဝီတို့အား ဖမ်းချုပ်ထားခဲ့လေသည်။ မင်းကြီးနှင့် မိဖုရားကြီးတို့က အချုပ်ခံဘဝနှင့်ပင် သေဆုံးကွယ်လွန်သွားရှာခဲ့ရပါသည်။

အဇာတသတ် (အဇာတ်ရှတြု)သည် မဂဓဘုရင် ဖြစ်လာသည့်အခါ ရှင်ဒေဝဒတ်အား မင်းဆရာ (ရာဇာ - ဂုရု) အဖြစ် မြှောက်စားခဲ့ပါသည်။ ထိုသို့ ရာဇာ ဂုရုဖြစ်လာသော ရှင်ဒေဝဒတ်မှာ သြဇာအာဏာကြီးမြင့် လာခဲ့ရပါသည်။ အများ၏ လေးစားကြည်ညိုမှုတို့ကလည်း တိုးမြင့်လာခဲ့ရပါသည်။ သာမန်ပြည်သူ လူထုမှာ ရှင်ဒေဝဒတ်အား သိဒ္ဓိ ပညာရှင်တစ်ဦးအနေဖြင့် သတ်မှတ်လာခဲ့ကြရလေသည်။ ရှင်ဒေဝဒတ်မှာလည်း ဒကာ၊ ဒကာမ များပြားလာခဲ့လေသည်။

တနေ့တွင် မင်းဆရာဒေဝဒတ်သည် အဇာတသတ်မင်းအား ဆိတ်ကွယ်နေရာ မင်းဥယျာဉ် ထောင့်နေရာ တနေရာတွင် သွားရောက်တွေ့ဆုံခဲ့ကြသည်။ အတော်ကြာ သူတို့နှစ်ယောက် တစုံတရပ်ကို အချင်းချင်းတိုင်ပင် ဆွေးနွေးခဲ့ကြသည်။ နောက်တနေ့တွင် ရှင်ဒေဝဒတ်မှာ မင်းချင်းယောကျာ်း အချို့နှင့် တိုင်ပင် ဆွေးနွေးနေခြင်းကို မြင်တွေ့ရခဲ့သည်။

ယခုတခါတော့ ရှင်တော်မြတ်ဗုဒ္ဓကို သတ်ဖြတ်သုတ်သင်ပစ်ရန် ဒေဝဒတ်မှာ စီစဉ်ခဲ့သည်။ မိမိစီစဉ်မှုအရ လူသတ်သမားအချို့တို့ကို မင်းကြီး အဇာတသတ်ထံမှ ဆုလာဘ်များ ရစေရမည်ဟူ၍ လာဘ်လာဘပေးကာ ဘုရားရှင်အား သတ်ပေးရန် တိတ်တဆိတ် လွှတ်ပေးလိုက်သည်။ ရှင်ဒေဝဒတ် လွှတ်ခဲ့သော လူသတ် သမားတို့သည် ရှင်ဗုဒ္ဓ ရဟန်းအပေါင်း (၅၀၀)ကျော်တို့ ခြံရံလျက် သီတင်းသုံးနေသည့် ဝိဟာရကျောင်းတော်သို့ သွားခဲ့ရာ မဟာကရုဏာရှင်မြတ်ဗုဒ္ဓသည် ရဟန်းအပေါင်းတို့အား တရားဟောပေးနေကြောင်း တွေ့ရှိခဲ့ကြသည်။ ရှင်တော်မြတ်၏ မျက်နှာတော်မှ သတ္တဝါအပေါင်းတို့အေးချမ်းမှုကို ဖြစ်စေသည့် ကရုဏာ ရောင်ခြည်များ ထွက်ပေါ်နေကြောင်းကို လူသတ်သမားများက ၄င်းတို့၏ စိတ်ထဲ၌ ခံစားမိခဲ့ကြသည်။ ထိုသူများသည် ရှင်ဒေဝဒတ်ခိုင်းထားသည့် အလုပ်ကို မလုပ်ဘဲ နှင့် ရှင်တော်မြတ်ဗုဒ္ဓထံ တပည့်ခံကာ သံဃအဖွဲ့ဝင်များ ဖြစ်ကြကုန်လေသည်။



မိမိအကြံအစည်မှာ မအောင်မြင်သဖြင့် ဒေဝဒတ်၏ စိတ်ထဲ၌ မနာလိုမှုများ ပိုပြင်းထန်လာခဲ့ရာ နောက်တလခန့်ကြာလာသည့်အခါ ဒေဝဒတ်သည် ဒုတိယ အကြိမ် အလားတူစီမံမှုမျိုးကို စဉ်းလဲကြံစည်ခဲ့ရာ ရလဒ်မှာ နဂိုအတိုင်းဖြစ်ပေါ် လာခဲ့ပါသည်။



ဘုရားရှင်အား လုပ်ကြံရန် ဒေဝဒတ်စေလွှတ်ထားသော လူသတ်သမားများသည်
ဘုရားရှင်ထံ ခိုကိုးသွားနေပုံ

ကြံစည်မှုများ မအောင်မြင်တိုင်း ဒေဝဒတ်၏ မနာလိုမှုများ ပြင်းပြင်း၍ လာခဲ့ရာ ယခုတဖန် သူကိုယ်တော်တိုင် သူ့အလိုကို အကောင်အထည် ဖော်သွားရန် စိတ်ပိုင်းဖြတ်ခဲ့ပါသည်။


ဘုရားရှင်သည် ဂိစ္စကုဋ် (ဂိဇ္ဈကုဋ်)တောင်၌ သီတင်းသုံးနေသော အချိန်ကာလဖြစ်သည်။ ဘုရားရှင်ဗုဒ္ဓသည် မနက်တိုင်း စာရီကာ (စကြံ့နံ)ထွက်သော လမ်းကို ဒေဝဒတ်က ကောင်းမွန်စွာ သိရှိထားသည်။ တနေ့တွင် ဒေဝဒတ်မှာ ဂိစ္စကုဋ်တောင်ထိပ်သို့ တက်သွားကာ အဆင်သင့် နေရာယူထားလိုက်ရာ ဘုရားရှင်မှာ အောက်တွင်ရှိသော လမ်းပေါ် စကြံ့နံလျှောက်ရန် ထွက်လာခဲ့လေသည်။ တောင်ထိပ်၏ အောက်တည့်တည့်သို့ လျှောက်လာသည့်အခါ တောင်ထိပ်မှ အဆင်သင့် စောင့်နေသော ဒေဝဒတ်မှာ ကျောက်ခဲတုံးကြီးတခုကို တွန်းလှိမ့်ချခဲ့သည်။ ကံအားလျော်စွာ ထိုကျောက်တုံးကြီးသည် အခြားကျောက်

Generated by CamScanner from intsig.com

တုံးတလုံးနှင့် တိုက်မိကာ အစိပ်စိပ်ကွဲပြားသွားလေတော့သည်။ ဒေဝဒတ် လှိမ့်ချခဲ့သည့် ကျောက်တုံးမှာ ကွဲသွားပြီး အောက်သို့လိမ့်ကျလာသော ကျောက်ခဲလုံး သေးသေးတခုမှာ ဘုရားရှင်၏ ခြေတော်ပေါ်ကျခဲ့ရာ သွေးထွက်လာပြီး နာကျင်မှုကို ဖြစ်စေခဲ့ပါသည်။



တောင်ထိပ်မှ ကျောက်တုံးကြီး လှိမ့်ချကာ ဘုရားရှင်အား လုပ်ကြံရန် ကြိုးစားခဲ့သည့်ပုံ



ဘုရားရှင်၏ ခြေထောက်ဒဏ်ရာအား သမားတော်ကြီး ဇီဝကမှ ကုသပေးနေပုံ



သို့သော် ဒေဝဒတ်၏ ကြံစည်မှုတို့မှာ ယခုတဖန်လည်း အောင် မြင်မှု မရရှိခဲ့ပါ။ ဘုရားရှင်ခြေတော်တွင် ဒဏ်ရာရရှိကြောင်းကို သမားတော် ကြီးဇီဝက ကြားသိရှိရသောအခါ ချက်ချင်း ဂိစ္စကုဋ်တောင်ရှိ ကုဋီကျောင်းကို ရောက်ရှိလာကာ လိုအပ်သည့် ဆေးဝါးများဖြင့် ကုသပေးရာ မကြာမီကာလအတွင်း အနာပျောက်၍ ရှင်ဗုဒ္ဓကျန်းမာခဲ့ရပါသည်။

ဒေဝဒတ်၏ ယုတ်ညံ့ ကောက်ကျစ်သည့် စဉ်းလဲမှုများက ဘုရားရှင်အား မည်သည့်နစ်နာမှုကို စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပါသော်လည်း သူ့ရန်လိုမှုများက လျော့ပါးသွားခြင်းမရှိခဲ့ပါ။ ယခုတခါ မိမိကောက်ကျစ်သည့် အကြံအစည်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကို ရှေ့ရှုကာ ဒေဝဒတ်သည် မိမိ၏ တပည့်ဖြစ်နေသူ အဇာတသတ်မင်း၏ ဆင်ထိန်းထံသို့ သွားရောက်ချဉ်းကပ်ခဲ့ပါသည်။ ထိုအချိန်ကာလက မဂဓေါရှင်ပိုင် ဆင်အုပ်ထဲတွင် နာဠာဂီရိမည်သော ဆင်ကြီးတစ်ကောင် ရှိခဲ့ပါသည်။ နာဠာဂီရိဆင်ကြီးမှာ တောင်ပမာ ခန္ဓာကိုယ်ကြီးမားပြီး ခွန်အားဗလ အလွန်ကြီးမားကာ ဆိုးသွမ်းသည့် ဆင်ဖြစ်ကြောင်းကို အများသိရှိထားကြသည်။ နာဠာဂီရိဆင်ကြီးမှာ မာန်အဟုန်ဖြင့် အော်ဟစ်လာသော အခါမျိုး၌ ထိုအော်ဟစ်သံကို ကြားရသူများ ရင်တုန်လှုပ်ရှားသွားစေပါသည်။ ထိုနာဠာဂီရိဆင်၏ အော်ဟစ်သံကို ကြားရ၍ ကိုယ်ဝန်ရှိ အမျိုးသမီးအချို့ ကိုယ်ဝန်လျှောကျ ခဲ့ဖူးကြောင်း ရာဇဂြိုဟ်ပြည်တွင် ကျော်ကြားခဲ့သည် ဟူလည်း ပြောကြဆိုကြ ရှိလောက်အောင် ဆိုးသွမ်းခဲ့သည့် ဆင်ဖြစ်ခဲ့ရပါသည်။ ဒေဝဒတ်သည် ဆင်ဦးစီးထံချဉ်းကပ်၍ မိမိ၏ စဉ်းလဲကောက်ကျစ်သည့် စီမံမှုကို အောင်မြင်စွာ အကောင်အထည် ဖော်ပေးရန် တောင်းဆိုခဲ့ပါသည်။ ပထမတော့ ဆင်ဦးစီးက ဒေဝဒတ်၏ တောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။ သို့သော် ယင်းကြံစည်မှုကို အောင်မြင်စွာ အကောင်အထည်ဖော်ပေးနိုင်ပါက လက်ရှိမဂဓပြည့်ရှင်ထံမှ ဆုလာဘ်မြောက်များစွာ ရလိမ့်မည့် အကြောင်းကို နားချသောအခါ ဒေဝဒတ်၏ အကြံအစည် အထမြောက်အောင် နာဠာဂီရိဆင်ကို သုံးပေးရန် သဘောတူခဲ့ပါသည်။

ဆင်ဦးစီးနှင့် သဘောတူညီမှုရခဲ့ပြီးနောက် ဒေဝဒတ်မှာ ဝမ်းမြောက်ဝမ်းသာ မဆုံးဖြစ်လာခဲ့သည်။ သူ၏ စိတ်ကူး၌ မကြာခင်အချိန်ကာလအတွင်း ဗုဒ္ဓ၏ နေရာတွင် သူ့ဂုဏ်ဝင့်ကြွားစွာဖြင့် ထိုင်ရတော့မည့် အခွင့်အလမ်းပေါ်လာမည့် စိတ်ကူးများသည် ပေါ်ထွန်းလာခဲ့ရပါသည်။ ဒေဝဒတ်သည် မိမိ၏ စိတ်ဆန္ဒများကို ထိန်းမနိုင်၊ သိမ်းမနိုင်ဖြစ်ခဲ့ရပါသည်။ သူသည် ဆင်ဦးစီးအား

Generated by CamScanner from intsig.com

မိမိအပါးတော်၌ ခေါ်ယူကာ ဤသို့ မိန့်ကြားခဲ့သည်။ "အသင် ဆင်ဦးစီး အလျှင်အမြန်သွား၊ ဗုဒ္ဓကို ရအောင်သုတ်သင် ပစ်၊ မပေါ့နှင့်၊ သတိကြီးစွာ ထားကာ အပ်နှင်းထားပြီးအလုပ်ကို ပြီးအောင်ဆောင်ရွက်ပေး" ဟူ၍ ဒုတိယတခါ မှာကြားလွှတ်လိုက်သည်။

ဆင်ဦးစီးမှာ ထိုနေရာမှ ထွက်ခွာ၍ ဆင်တင်းကုပ်ကို တည့်တည့်ဝင် သွားခဲ့သည်။ နာဠာဂီရိဆင်ကို တင်းကုပ်မှထုတ်မောင်းလာကာ အနီးအနားရှိ ရေအိုင်တွင် ဆင်ကို သေချာရေချိုးပေးခဲ့သည်။ ပြီးနောက် နာဠာဂီရိဆင်ကြီးအား ဆေးခြောက်များကျွေးကာ အရက်ကို အိုးနှင့်ချီ၍ တိုက်ကျွေးခဲ့ပြီး ဗုဒ္ဓနှင့်သံဃာ များ သီတင်းသုံးနေသည့် သံဃာရာမကျောင်းရှိရာ လမ်းပေါ်တင်ပေးကာ မောင်းချထားလိုက်သည်။

မူးရူးနေသော နာဠာဂီရိဆင်ကြီးမှာ နှာမောင်းကို မြှောက်ကာ ကြီးမားသည့် စိမ်ခေါ်သံဖြင့် အော်ဟစ်လိုက်သည်။ ထိုအော်ဟစ်သံကြောင့် ပတ်ဝန်းကျင်တခုလုံး မြည်ဟိန်းကာ ပွဲတင်ထပ်သွားခဲ့ရပါသည်။ ဟစ်သံပေး လျက် နာဠာဂီရိမှာ သံဃာရာမကျောင်းသို့ သွားသောလမ်းအတိုင်း ပြေးသွား ခဲ့ရာ လမ်းနံဘေးရှိ သစ်ပင်များကို ဝင်တိုးလျက် ရှေ့ကိုပြေးသွားခဲ့သည်။ နာဠာဂီရိဆင်ကြီး၏ အော်ဟစ်သံကို ကြား၍ မည်သူတဦးတစ်ယောက်မျှ လမ်းပေါ်တက်မလာရဲအောင် ဖြစ်ခဲ့ရပါသည်။ ပတ်ဝန်းကျင်ရှိ လူနေအိမ်များမှာ ဆင်၏ရန်မှ လွတ်ကင်းအောင် မိမိတို့ အိမ်ခြံတံခါးများကို အပြေးအလွှား ပိတ်ထားခဲ့ကြလေသည်။

ဆွမ်းခံသောအချိန်ဖြစ်နေ၍ ဗုဒ္ဓဘုရားရှင်မှာ ဘိက္ခုသံဃာများကို ရှေ့ဆောင်ပြုကာ ရာဇဂြိုဟ်မြို့ဘက်သို့ ကြွလာနေသည့်အချိန်ဖြစ်သည်။ မူးရူး နေသော နာဠာဂီရိဆင်ကြီးမှာ ဘိက္ခုအဖွဲ့ ကြွလာနေကြောင်းကို မြင်တွေ့ကာ အရှိန်အဟုန်ကြီးစွာဖြင့် ရဟန်းများ ကြွရောက်လာရာဆီသို့ ပြေးသွားခဲ့၏။ ဆင်ကြီးက ဘုရားရှင်အား ဦးတည်ထားကာ ပြေးလာကြောင်းကို မြင်၍ ရှင်အာနန္ဒာမှာ ဘုရားရှေ့မှနေ၍ အကာအကွယ်ပေးမည့်ဟန်ဖြင့် ဗုဒ္ဓ၏ ရှေ့သို့ တိုးဝင်လာခဲ့ရာ ဘုရားရှင်မှာ အာနန္ဒာအား ဆင်၏ ရှေ့မှောက်မှ ဖယ်ရှားပေးခဲ့ သည်။ နာဠာဂီရိဆင်ကြီးမှာ ဘုရားရှင်အနီးသို့ ရောက်လာသည့်အခါ ရှင်ဗုဒ္ဓသည် အဘယမုဒ္ဒရာဖြင့် အေးအေးဆေးဆေးရပ်၍ နေခဲ့ပြီး မိမိ၏ ညာဘက်လက်ဖဝါး ကို အပေါ်သို့မြှောက်ကာ ကရုဏာသက်စေသည့် အကြည့်မျိုးဖြင့် ဆင်အား စိုက်ကြည့်လိုက်သည်။ ဆင်ရိုင်းပမာ ရက်စက်ကြမ်းကြုတ်မှုကို ပြသနေသော



နာဠာဂီရိဆင်ကြီး ဗုဒ္ဓရှေ့တော်မှောက်သို့ ရောက်သောအခါ ဆိတ်ငြိမ်လျက် အေးဆေးစွာ ရပ်လာခဲ့လေ၏။ ခဏမျှ ထိုသို့ရပ်ကာ ဒူးထောက်လာပြီး နှမောင်းဖြင့် ဗုဒ္ဓ၏ ခြေအစုံကို အသာအယာထိကာ ဦးညွှတ်ဂါရဝ ပြုသည့် ဟန်ဖြင့် တည်နေခဲ့ပါသည်။ ပြီးမှ အသာအယာထကာ မိမိနေရာဖြစ်သော ဆင်တင်းကုပ်သို့ ပြန်သွား ရှာခဲ့သည်။ မြတ်ဗုဒ္ဓနှင့် သံဃာအဖွဲ့တို့မှာလည်း ရာဇဂြိုဟ်မြို့ ဧရိယာမှ ထွက်ခွာလာခဲ့ကာ ဝိဟာရကျောင်းတော်သို့ ပြန်ကြွ လာခဲ့ကြလေ၏။



နာဠာဂီရိဆင်ကြီးမှ ဘုရားရှင်အား ဒူးတုတ်ခယလျက် ရှိနေပုံ

ဖြစ်ရာကို မြင်ကြကြားကြသော မြို့နေ ဒကာ၊ ဒကာမ တို့သည် အလျင် အမြန် ဝိဟာရကျောင်းတော်သို့ လာရောက်၍ အဖြစ်အပျက်အမှန်ကို မေးမြန်း စုံစမ်းခဲ့ပြီး အသီးသီး သာဓုခေါ်ကြကုန်လေသည်။

ဖြစ်ရာအမှန်ကို သိလိုသည့် စိတ်ဆန္ဒဖြင့် ထိုနေ့တွင် ကျောင်းတော်သို့ စုရုံးရောက်ရှိလာကြ သည့် ဒါယကာ၊ ဒါယိကာတို့အား မြတ်ဗုဒ္ဓမှာ အကျဉ်းချုပ်၍ ဤသို့ ပြောဆိုဟောကြားတော်မူခဲ့ပါသည်။

"ရှင်ဒေဝဒတ်မှာ ငါဘုရားအား ရန်မူခဲ့သည်မှာ ဤတခါ ပထမအကြိမ် မဟုတ်သေးပါ။ ဒီအရင်ကလည်း ငါဘုရားကို လုပ်ကြံသတ်ဖြတ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးပါသည်။ ထိုအကြောင်းများကို အရင်းခံကာ မြတ်စွာဘုရားရှင်သည် တရားနာပရိသတ်အား စူဠဟံသ၊ မဟာဟံသနှင့် ကက္ကဋဇာတကတို့မှ ကထာ

Generated by CamScanner from intsig.com

များကို ဟောကြားပေးခဲ့ပြီး မိမိစိတ်နှလုံးထဲမှ ထိုဖြစ်ရာများကို ဖြစ်ပေါ်လာခဲ့ရသည့် ခံစားမှုများ ဟောကြားရှင်းလင်းပေးခဲ့သည်။

နာဠာဂိရိဆင်ကြီး ဖြစ်ရပ်များကို အစအဆုံး သိရှိရခဲ့ကြသော ဒကာ၊ ဒကာမတို့က ဒေဝဒတ်အား အကြည်ညိုပျက်ခဲ့ရပါသည်။ ဒကာ၊ ဒကာမတို့မှာ ဒေဝဒတ်၏ ယုတ်ညံ့သော အပြုအမူတို့ကို ကဲ့ရဲ့ရှုတ်ချလာခဲ့ကြသည်။ ဒေဝဒတ်မှာ ပထမအကြိမ် အိမ်ရှေ့မင်းသား အဇာတသတ်ကို စည်းရုံးကာ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား ကွပ်မျက်စေခဲ့သည်။ တထာဂတ ဗုဒ္ဓအား လုပ်ကြံရန် လူသတ်သမားများကို နှစ်ကြိမ်တိတိ စေလွှတ်ခဲ့သည်။ နောက်တခါ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်တုံးကြီးတခုကို လှိမ့်ချကာ မြတ်ဘုရားအား သတ်ပစ်ရန် ကြိုးစားခဲ့သည်။ သို့သော် နာဠာဂိရိဆင် ဖြစ်ရပ်သည် အလွန်တရာ စက်ဆုတ်ရွံရှာဖွယ်ရာ ကောက်ကျစ်စဉ်းလဲမှုတရပ် ဖြစ်ခဲ့သည်။ ဒေဝဒတ်၏ အကောက်ကြံမှုများ အားလုံး ထဲမှာ အဇာတသတ်မင်း၏ လက်ချက်လည်း တနည်းမဟုတ်တနည်း ပါနေကြောင်းကို သိရှိနားလည်သွားကြသော ရာဇဂြိုဟ်မြို့သူမြို့သားများမှာ မင်းကြီးအပေါ် အကြည်ညိုပျက်ပြားခဲ့ကြသည်။

အထက်ဖော်ပြပါ အဖြစ်အပျက်မတိုင်ခင် အချိန်ကာလက မြတ်စွာဘုရားသည် စာရိကာ လှည့်လည်လျက် ကလန္ဒနိဝါပ်(ရာဇဂြိုဟ်) ရောက်ခဲ့သည်။ ထိုနေရာတွင် ဘိက္ခုသံဃာများနှင့် အတူနေထိုင်ကာ သီတင်းသုံးတော်မူခဲ့ပါသည်။ ထိုအချိန်က ရှင်ဒေဝဒတ်၏ ဂုဏ်သတင်းတို့က ကျော်စောနေခဲ့ပါသည်။ ထိုအချိန်က ဒေဝဒတ် ခံစားနေခဲ့ရသည့် လာဘ်လာဘ၏ သတင်းဂုဏ်တို့မှာ စနစ်တကျ ဖြန့်ဖြူးနေသဖြင့် နေရာအနှံ့ ပျံ့နှံ့ခဲ့သည်။ တနေ့တွင် ဘိက္ခုတစုတို့က ဘုရားထံ သွားရောက်က ဤသို့ လျှောက်ထားကြကုန်၏။

"အရှင် ဘန္တေ – ယခုတလော ရှင်ဒေဝဒတ်မှာ ကြီးပွားလာကာ ကြည်ညိုမှု များနေပါသည်။ အဘယ်အကြောင်းများအကြောင့်ပါလဲ"

ဘုရားရှင်က ထိုသံဃာတို့အား ဒေဝဒတ်၏ ဖြစ်စဉ်ကို ပြန်မေးခဲ့ရာ "အရှင်ဘုရား – အိမ်ရှေ့မင်းသား (ယုဝရာဇာ) အဇာတ်ရှတြုမှာ နေ့တရုပ ရထားပေါင်း (၅၀၀)နှင့်အတူ ရှင်ဒေဝဒတ်ထံ သွားရောက်ဖူးမြော်သည်။ မင်းသားမှာ နေ့တိုင်း ဘိက္ခုအပါး ငါးရာအတွက် ဆွမ်းကွမ်းများကို ဒေဝဒတ်သီတင်းသုံးသည့် ကျောင်းသို့ ပုံမှန်ပို့ပေးလျက် ရှိကြောင်းပါဘုရား"

မြတ်စွာဘုရားထံ လာရောက်တိုင်ကြားသည့် ဘိက္ခုများ၏ စိတ်နေသဘောထားကို ရှင်ဗုဒ္ဓက သိရှိနားလည်လာက ယင်းဘိက္ခုတို့အား ဤသို့ ဆုံးမတော်မူခဲ့ပါသည်။



"အသင် ဘိက္ခုတို့ ရှင်ဒေဝဒတ်အား မနာလိုမဖြစ်ကြပါနှင့် သူရရှိခံစားရလျက်ရှိသော လာဘ်လာဘနဲ့ ကြည်ညိုမှုတို့က နောက်တချိန်မှာ သူ၏ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်သွားရပါလိမ့်မည်။ သူပြုခဲ့သမျှသော ကုသိုလ်ကံတွေကလည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။"

"မှန်ပါဘုရား"

"ဘိက္ခုတို့ နားထောင်ကြလော၊ ခွေးရူးတို့ရဲ့ နှာခေါင်းပျားမှ (ပိသ်)အမြုပ်တက်လာတဲ့ အခါမျိုး၌ အဲဒီခွေးဟာ အဆိပ်ပိုပြင်းထန်လာရပါတယ်။ သခင်မှန်း၊ လူစိမ်းမှန်း မသိရှာဘူး။ ဒေဝဒတ် ယခုရရှိနေတဲ့ လာဘ်လာဘနဲ့ လေးစားကြည်ညိုမှုတွေဟာ တနေ့ သူ့ဟာသူ ပျက်စီးစေဖို့အကြောင်း ဖြစ်လာမှာပါ။"

"အရှင် ဘန္တေ – အကျိုးရလဒ်က အဘယ်သို့ပါလိမ့် ဘုရား"

မြတ်ဗုဒ္ဓသည် ဆုံးမစကားကို ဆက်လျက် –

"အာဝုသော––– ငှက်ပျောသီးမှာ ငှက်ပျောပင်၏ ပျက်စီးရာ ဖြစ်စေသည်။ ဝေဠု (ဝါး)သီးများသည် ဝါးပင်များ၏ ပျက်စီးရာကို ဖြစ်စေ၏။ ကြူပင် အသီးမှာ ကြူပင်၏ ပျက်စီးရာကို ဖြစ်စေ၏။ ကံတရားတို့၏ သဘောတရားမှာ နက်နဲလှပါသည်။"

"မှန်ပါဘုရား"

"ဘိက္ခုတို့ လာဘ်လာဘနှင့် ကြည်ညိုလေးစားမှုတို့သည် အကျင့်ဆိုးယောကျ်ားများအား စောစောက ပြောပြပေးသည့်အတိုင်း ထိုယောကျ်ား၏ ပျက်စီးရာ ပျက်စီးကြောင်းကို ဖြစ်စေသည်။ မြည်းမတို့သည် မိမိ၏ ကိုယ်ဝန်ကြောင့် သေရသည်နှင့် ပမာတူ၏။"

ဒေဝဒတ်မှာ အစဉ်သဖြင့် ယုတ်မာသည့် စိတ်ဘာဝနာများကို ပျိုးနေသူတစ်ဦးဖြစ်သည်။ သူသည် မြတ်ဗုဒ္ဓ တည်ထောင်ခဲ့သည့် ဗုဒ္ဓသံဃအဖွဲ့ကို အပိုင်စီးလိုသည့် စိတ်ဆန္ဒများရှိခဲ့သည့် အားလျော်စွာ ဗုဒ္ဓမြတ်စွာဘုရားကို သတ်ပစ်ရန် အမျိုးမျိုးသော စဉ်းလဲမှုတို့ကို စီမံပြုလုပ်ခဲ့ပါသည်။ မိမိ၏ ထိုစိတ်ဆန္ဒကို အကောင်အထည်ဖော်လိုသည့် အကြံဉာဏ်ဖြင့် ရှင်ဒေဝဒတ်သည် တနေ့သောအခါ ဘုရားထံကြွလာခဲ့ပါသည်။ လက်အုပ်ချီ ဦးညွတ်ကာ အရိုအသေပြုလျက် တနေရာတွင် နေရာယူထိုင်လေသည်။ ထိုအချိန်က ဘုရားရှင်သည် တရားနာပရိသတ်တို့အား တရားဟောနေခဲ့ပါသည်။ တရားနာပရိသတ်များထဲမှာ မဂဓပြည့်ရှင် ဘုရင်မင်းမြတ်လည်း အပါအဝင် ဖြစ်နေပါသည်။ တရားဟောပွဲ ပြီးဆုံးလာသည့်

အခါ ဒေဝဒတ်သည် ရှင်ဗုဒ္ဓအား ချဉ်းကပ်လာကာ ဤသို့ ပြောဆိုလျှောက် ထား ခဲ့ပါသည်။

"အရှင် ဘန္တေ – အရှင်ဘုရားမှာ အသက်ကြီးလာပြီး ခန္ဓာကိုယ်လည်း ပိန်ပါးလာခဲ့ပြီ၊ အရှင်ဘုရား အနားယူသင့်ပါပြီ၊ ဘိက္ခုမဟာသံဃ၏ အလုပ် အကိုင်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စအဝဝတို့ကို တပည့်တော် ဆောင်ရွက်သွား ပါမည်။ သို့ဖြစ်၍ ဘိက္ခုမဟာသံဃ၏ အုပ်ချုပ်မှုဆိုင်ရာ အခွင့်အာဏာများကို တပည့်တော်အား လွှဲပေးပါဘုရား။"



ဒေဝဒတ်မှ ဘုရားထံ ဘိက္ခုသံဃ၏ အုပ်ချုပ်မှုဆိုင်ရာ အခွင့်အာဏာကို တောင်းဆိုနေပုံ

ရှင်ဒေဝဒတ်၏ တောင်းဆိုချက်များကို ကြားရ၍ အရှင်ဗုဒ္ဓမှာ အံ့သြ သွားမိခဲ့သည်။ ဒေဝဒတ်အား ညွှန်၍ "ကိုယ်တော် ဒေဝဒတ် ဘိက္ခုသံဃကို စိတ်ဝင်စားမှု အဘယ်အကြောင်းများကြောင့် ဖြစ်လာရပါသနည်း"

ဒေဝဒတ်မှာ ကလေးသူငယ်ပမာ ခေါင်းခါလျက် ဇွတ်ပြောလာခဲ့သည်။ "အရှင်ဘုရား သံဃာအဖွဲ့၏ ချုပ်ကိုင်မှုအာဏာကို ဖြစ်သလို တပည့်တော် လက်ထဲသို့ ထည့်ပေးပါဘုရား" ဒေဝဒတ်မှာ ဇွတ်အတင်း ပြောလာခဲ့ပါသည်။ တကြိမ်တခါမျှ တပည့်တော်ကို ပေးကြည့်ပါ။ တပည့်တော်က ဘိက္ခုမဟာသံဃကို ကောင်းကောင်းထိန်းသွားမှာပါ။ ဒေဝဒတ်၏ ထိုစကားများကို ကြားရပြီး ဘုရားရှင် ဗုဒ္ဓသည် ဤသို့ မြွက်ကြားခဲ့သည်။



"အသင်ဒေဝဒတ် ဘိက္ခုမဟာသံဃအဖွဲ့၏ အမြင့်ဆုံး ချုပ်ကိုင်မှု အာဏာကို ငါဘုရားက ရှင်သာရိပုတ္တနှင့် ရှင်မောဂ္ဂလန်ပမာ ပညာရှိရဟန်း များကိုတောင် မအပ်နှံရဲဘဲနှင့် သင့်လို တံတွေးထွေးကာ ပြန်လျက်တတ်သည့် သူအား အဘယ်ကဲ့သို့များ အပ်နှင်းလို့ ဖြစ်နိုင်မှာလဲ"

ရှင်ဗုဒ္ဓ၏ ထိုစကားများကို ကြားသိကာ ဒေဝဒတ်မှာ အလွန်စိတ်ဆိုး လာခဲ့ ရပါသည်။ ဘုရားရှင်အား ဒေါနှင့်မောနှင့် ပြောလာခဲ့ရာ "သာရိပုတ္တရ၊ ရှင်မောဂ္ဂလန်ကဲ့သို့သော ဗြာဟ္မဏလူမျိုးများကို မိမိ၏ လက်ဝဲလက်ယာရံ ပြုထားသည်။ ငါ့လို အမျိုးအနွယ်ဝင် ဆွေမျိုးနီးစပ်မှုရှိသော ပုဂ္ဂိုလ်ကို ဘာမျှ အရေးမပေးတော့ပါလား" ဟု ပြောဆိုကာ ထိုနေရာမှ စိတ်ဆိုးဆိုးနှင့် ထွက်ခွာ သွားခဲ့ပါသည်။

ထိုနေရာမှ ဒေဝဒတ်ထွက်ခွာခဲ့ပြီးနောက် ရှင်ဗုဒ္ဓသည် ဘိက္ခုမဟာသံဃ ဝင် နာယကရဟန်းများအား အစည်းအဝေးတရပ်ကို ခေါ်ခဲ့ပါသည်။ ထိုအစည်း အဝေးတွင် ဒေဝဒတ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးပြီး ရှင်ဗုဒ္ဓသည် ဤသို့ဆိုခဲ့၏။ \

"ဘိက္ခုအပေါင်းတို့ ငါတို့ ဘိက္ခုမဟာသံဃအဖွဲ့သည် ရှင်ဒေဝဒတ် ပြုလုပ် သည့် မည်သည့်အပြုအမူတို့ကို တာဝန်ခံနိုင်မှာ မဟုတ်၊ ထို့ကြောင့် ဒေဝဒတ်အား ဗုဒ္ဓ–ဘိက္ခုမဟာသံဃအဖွဲ့မှ ထုတ်ပယ်တော်မူကြောင်း (ဃောသန္တဏာ)ပြု ကြေညာခဲ့ ပါသည်။ ဒေဝဒတ်မှာ မည်သည့် အလုပ်ကိစ္စပဲ ဖြစ်ဖြစ်၊ စကားအပြောအဆိုပဲဖြစ်ဖြစ် စဉ်းစားဆင်ခြင်ပြီး ပြုလုပ်ခြင်း (သို့မဟုတ်) ပြောဆိုခြင်းကို မလုပ်တတ်၊ ရမ်းကာလုပ်၊ ရမ်းကာပြောတတ်သော လူပုဂ္ဂိုလ်မျိုး ဖြစ်ခဲ့ပါသည်။ သူသည် အစဉ် သဖြင့် မနာလိုမှု၊ ဒေါသရှိမှု၊ ကဲ့ရဲ့ဖွယ်ရာ စိတ်မျိုးကို မွေးထားသော သူဖြစ်သည်။ အပြုသဘောဆောင်ပြီး အများအကျိုး၊ အဖွဲ့အကျိုးဖြစ်စေမည့် အကြောင်းကိစ္စကို ထည့်စဉ်းစားသည့် သူမဟုတ်။ အဖျက်လုပ်ငန်းများကို ပြုလုပ်ရန် အားသန်ခဲ့သော စရိုက်ရှိသူ ဖြစ်ခဲ့သည်။ ထိုအကြောင်းများကြောင့် သူပြုလုပ်သည့် စီမံချက်တစုံတခုမှ မအောင်မြင်ဘဲ ဖြစ်ရပါသည်။

ဘိက္ခုအဖွဲ့မှ ထုတ်ပယ်ခံရသည့် သတင်းကို ကြားသိ၍ ဒေဝဒတ်မှာ အလွန်စိတ်ဆိုးပေါက်ကွဲလာခဲ့ပါသည်။ အကြီးအကျယ် သိက္ခာချခံရသည်ဟု ထင်မြင်ကာ သူသည် ရှင်ဗုဒ္ဓအား အစဉ်ဆန့်ကျင်သမှု ပြုသွားရန် သန္နိဋ္ဌာန် ချခဲ့ပါသည်။

Generated by CamScanner from intsig.com

ရာဇဂြိုဟ်ပြည်သူပြည်သားများကလည်း ၎င်းတို့၏ မင်းဖြစ်သူ အဇာတသတ် (အဇာတ်ရှတြု) ၏ ဒေဝဒတ်နှင့် ပူးတွဲကြံစည်မှုများကို သိရှိလာခဲ့ပြီး မင်းကြီးအပေါ် အကြည်အညိုပျက်ပြားသည့် အပြောအဆိုကို ပြုလုပ်ကြခဲ့လေသည်။ ပြည်သူလူထု၏ အသံမှာ နောက်ဆုံး မဂဓနန်းတွင်းအထိ ပေါက်ကြားလာခဲ့ရပါသည်။ ရာဇဂိရိမင်းနေပြည်တော်မှာ တာဝန်ရှိသည့် အမတ်များက "အရှင် မင်းကြီး မဂဓပြည်တလျှောက်လုံး၌ ရှင်ဒေဝဒတ်နှင့် မင်းကြီး၏ နီးစပ်မှုကို အကြောင်းပြုကာ ပြည်သူများမှာ စိတ်ဆင်းရဲမှုများ ဖြစ်နေကြကုန်သည်။ အရှင် မြတ်ဗုဒ္ဓကို သတ်ဖြတ်ရန် ကြိုးစားအားထုတ်နေသော ဒုရာစာရီ ဒေဝဒတ်အား မင်းကြီးမှာ မြှောက်စားထားသည်ကို ပြည်သူအများက ကျေနပ်ကြသည်မဟုတ်။ တဖက်မှာ ဘုရားရှင်အား နင်းသတ်ပစ်ရန် နာဠာဂိရိဆင်ဆိုးကြီး၏ အဖြစ်ကိုလည်း အားလုံးက မျက်မြင်သိရှိကြပြီး ဖြစ်နေပါသည်။ လောကအကျိုး၊ အများသတ္တဝါ အကျိုးငှာ လူ့လောကတွင် ပေါ်ထွန်းခဲ့ရသည့် သမ္မာ သံဗောဓိ ဉာဏ်ရှင် မြတ်စွာဘုရားကို အံ့တုလို့ မရနိုင်ပါဘူး၊" အမတ်မင်းများ၏ လျှောက်ထားတင်ပြချက်များကို ကြားသိကာ မင်းကြီးမှာ ဒေဝဒတ်အား စွန့်ခွာချပစ်ရန် စိတ်ပိုင်းဖြတ်ခဲ့ပါ သည်။

အမှန်မှာတော့ အဇာတသတ်သည် မိမိလုပ်ရပ်ကို မိမိမမေ့နိုင်အောင် ဖြစ်နေရပါသည်။ မိဘများအား လုပ်ကြံခဲ့သည့် အဖြစ်ကို သူသည် နေ့ညမပြတ် အစဉ်မမေ့နိုင်သည့် အဖြစ်အပျက်မျိုး ဖြစ်နေခဲ့ရပါသည်။ မိမိပြုလုပ်ခဲ့သည့် ရှုံ့ရှာ စက်ဆုတ်စရာကောင်းသော အပြုအမူတို့နှင့် စပ်ဆိုင်သည့် အိပ်မက်များကို ညတိုင်းလိုလို မက်ခဲ့ရ၏။ သူ့မှာ ပူဆွေးသောက၊ စိတ်မချမ်းမြေ့စရာ အစဉ်ဖြစ်နေရပါသည်။ သူသည် ထီးနန်းသုခကို လုံးဝမစံစား၊ မခံစားနိုင် ဖြစ်နေခဲ့ပါသည်။ ဗုဒ္ဓ၏ အရိပ်အာဝါသကို သွားရောက်ခိုကိုးရမှသာ သူခံစားနေရသည့် စိုးရိမ် ဒုက္ခတို့မှ လွတ်ကင်းနိုင်မည်ဟု အောက်မေ့ကာ ဗုဒ္ဓထံသွားရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ မာန်မာနအမြဲထောင်လွှားခဲ့သော အဇာတသတ်သည် မြတ်စွာဘုရားထံ သွားရောက်ကာ မိမိလုပ်သမျှအပေါ် နောင်တရကြောင်း တောင်းပန်ခဲ့သည်။ ဒေဝဒတ်အား မင်းဆရာ ရာထူးမှထုတ်ပစ်ခဲ့သည်။ ဤသို့ဖြင့် မဂဓနိုင်ငံတွင် ဗုဒ္ဓဘာသာသည် မင်းစိုးရာဇာတို့၏ ထောက်ခံအားပေးမှုတို့ ပြန်လည်ရရှိခဲ့ရပါသည်။

ရှင်တော်မြတ်ဗုဒ္ဓကလည်း အဇာတသတ်မင်းအား ခွင့်လွှတ်ကာ မိမိထံ ခိုကိုးမှုကို ပေးသနားတော်မူခဲ့ပါသည်။ ထိုသတင်းများကို ကြားသိကာ ဒေဝဒတ်မှာ စိတ်ဆင်းရဲဖြစ်ရကာ မင်းကြီးထံသွားရောက်ခစားရန် ကြိုးစားခဲ့သည်။ သို့သော် ရာဇဂြိုဟ်နန်းတော်တံခါးမှာ ဒေဝဒတ်အတွက် လုံးဝပိတ်သွားခဲ့ပြီဖြစ်သည်။



တနေ့တွင် ဒေဝဒတ်မှာ အရှက်လုံးဝမရှိစွာဖြင့် ဗုဒ္ဓ၏ ဓမ္မသဘင်သို့ သွားခဲ့သည်။ ဘုရားရှင်အား လက်အုပ်ချီရှိခိုးကာ တနေရာတွင် ထိုင်နေခဲ့ပါသည်။ ဓမ္မသဘင်ပြီးမှ ဗုဒ္ဓချဉ်းကပ်၍ ဤသို့ လျှောက်ထားခဲ့ပါသည်။ "အရှင်ဗုဒ္ဓ အကယ်၍ တပည့်တော်တင်ပြမည့် အချက်(၅)ချက်ကို သံဃာများ ဝိနည်း အဖြစ် ပြင်ဆင် ပြဋ္ဌာန်းပေးပါက တပည့်တော်အနေဖြင့် ရာသက်ပန် ဗုဒ္ဓဓမ္မ သံဃ၌ နေ၍ ဝိမုတ္တိ (နိဗ္ဗာန်)ရကြောင်း တရားမြတ်ကိုသာ အားထုတ်သွားမှာ ဖြစ်ကြောင်း ကတိပေး လုပ်သွားပါမည်" ဟုဆိုကာ အချက်ငါးချက်ကို လျှောက်ထားတင်ပြခဲ့ပါသည်။

အရှင်မြတ် ဗုဒ္ဓမှာ ဒေဝဒတ်တင်ပြခဲ့သည့် အချက်များကို လက်မခံနိုင်ကြောင်း ပြန်ပြောခဲ့သဖြင့် ဒေဝဒတ်မှာ မကျေမနပ်ဖြစ်ကာ ထွက်သွားခဲ့ပါသည်။ ရန်လိုကလဲ့စားချေလိုသည့် စိတ်ဘာဝနာတို့သည် ဒေဝဒတ်၏ စိတ်ထဲ၌ အစဉ်သဖြင့် မီးပမာလောင်ကျွမ်းနေခဲ့ရာ ယခုတဖန် ဗုဒ္ဓသံဃအဖွဲ့ကို ကွဲပြားအောင် ပြုလုပ်သွားရန် ကြံစည်ခဲ့သည်။ ဗုဒ္ဓသံဃအဖွဲ့ကို ကွဲပြားစေလိုသည့် စိတ်ဆန္ဒဖြင့် ဒေဝဒတ်သည် တနေ့တွင် သိက္ခု ကိုကာလိကာ၊ တိဿနှင့် ဘိက္ခု သမုဒရဌ္ဌတို့အား ချဉ်းကပ်ရန် ၎င်းတို့ထံ သွားခဲ့ပါသည်။ နံနက်စောစော စိတ်မချမ်းဖြစ်ကာ မျက်နှာမကောင်းဖြစ်နေသော ဒေဝဒတ်ကိုမြင်၍ ထိုသံဃာများသည် ဒေဝဒတ်အား သနားကြင်နာလာခဲ့ကြလေသည်။ ထိုသံဃာများသည် ရှင်ဒေဝဒတ်အား မာကြောင်းသာကြောင်း မေးမြန်းခဲ့ပြီးနောက် သူလာရခြင်း၏ အကြောင်းရင်းကို မေးမြန်းသည့်အခါ ဒေဝဒတ်မှာ ဤသို့ဆိုခဲ့သည်။

"အာဝုသော (ကိုယ်တော်များ)တို့ ငါ့အနေဖြင့် ဂေါတမ၏ ကျော်ကြားမှုကို လုံးဝဆက်လက်သည်းခံ၍ မဖြစ်နိုင်၊ ငါတို့ သံဃာများမပါလျှင် သူ တပါးတည်းနဲ့ ဤသို့ ကျော်ကြားမှုမျိုး ကို အဘယ်မှာ ရနိုင်ပါမည်နည်း။ ငါတို့ သံဃာများ၏ တင်ပြချက်များကို ဂေါတမအနေဖြင့် လက်ခံတာလည်းမဟုတ်။ ဒါကြောင့် ငါတို့မှာ ဗုဒ္ဓသံဃအဖွဲ့ကြီးကို ခွဲထောင်ရန် လိုအပ်လာပါပြီ။ ကိုယ်တော်တို့ထံမှ အကူအညီ လာတောင်းရခြင်း ဖြစ်ပါသည်" ဟု ပြောပြခဲ့သည်။

"ဘိက္ခုအဖွဲ့၏ ဝတ်နည်းများကိုလည်း ပြန်လည်ပြင်ဆင်သွားရန် လိုအပ်ပေသည်။" ရှင်ဒေဝဒတ်၏ ပြောစကားများကို ကြားသိကာ ဝတ်နည်းများကို

Generated by CamScanner from intsig.com

ပြန်လည်ပြင်ဆင်သွားရမည့် ကိစ္စကို ရှင်ဒေဝဒတ်အနေဖြင့် မည်သို့မည်ပုံ စဉ်းစား ထားကြောင်း ရှင်းပြပေးပါဟု ပြောဆိုလာသည့်အခါ ရှင်ဒေဝဒတ်မှာ ဤသို့ ဆိုပြန်ခဲ့သည်။

"ငါသည် လေးလေးနက်နက် စဉ်းစားဆင်ခြင်ပြီး ဝိနည်းပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီး အချက်ငါးချက်တို့ကို စဉ်းစားထားခဲ့သည်။ ယင်းအချက်တို့ကို ဂေါတမ အား တင်ပြခဲ့သော် ထိုအချက်များကို သူ့အနေဖြင့် လက်ခံနိုင်လိမ့်မည် မဟုတ် ကြောင်း ပြန်ပြောခဲ့ပါသည်။ ငါတို့ အနေဖြင့် ယင်းအချက်ငါးချက်တို့ကို အကြောင်း ခံပြီး ဗုဒ္ဓ ဘိက္ခု သံဃကို ကွဲပြားခြားနားအောင် လုပ်သွားမှ အောင်မြင်မှုရနိုင် ကြောင်းကို ပြောပြခဲ့ရာ ကောကလိက အစရှိသော ဘိက္ခုတို့က ထိုအချက် (၅)ချက် ကို သိလိုကြောင်းဖြင့် မေးမြန်းခဲ့ကြသည်။

ငါစဉ်းစားထားတဲ့ ပထမအချက်မှာ – "ဘိက္ခုတို့မှာ ရာသက်ပန် တောထဲ၌နေပြီး သီတင်းသုံးရပါမည်"

"ဝိနည်းကို ယခုပြင်ဆင်သွားလျှင် အဘယ်အကျိုးကျေးဇူးများ ပေါ်ထွန်း လာနိုင်မှာလဲ အရှင် ရှင်းလင်းပြီးပြောပါအုံး"

"သာမဏေရဟန်းများ ကျေးရွာဇနပုဒ်မှာနေပြီး သီတင်းသုံးတော့ လူသူ အများနှင့် တွေ့ထိဆက်ဆံနေရပါသည်။ တောထဲမှာသာ နေထိုင်သွားရပါမည်ဟု ကန့်သတ်လိုက်လျှင် ဗုဒ္ဓသံဃာ ကျုံ့လာမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။"

"ဒုတိယအချက်ကို ရှင်ပြပေးပါအုံး အရှင်"

"ကိုယ်တော်မြတ်တို့ ဒုတိယအချက်ကတော့ ဘိက္ခုတပါးက ရာသက်ပန် အဝတ်စုတ်များကို စု၍ ချုပ်ထားသော သင်္ကန်းမျိုးကိုသာ ဝတ်ဆင်သွားရပါမည်။"

"ဒီလို ဝိနည်းပြင်ဆင်ခြင်းဖြင့် အဘယ်ကဲ့သို့သော အကျိုးရလဒ်များ ဖြစ်လာနိုင်ပါမည်နည်း" ဟု အခြားကိုယ်တော်များက ဒေဝဒတ်အား ရှင်းပြပေးရန် တောင်းဆိုခဲ့ကြသည်။

"ယခုအချိန်ဆိုလျှင် ဒကာ၊ ဒကာမများကို သင်္ကန်းများ ဝယ်ယူပြီး ဗုဒ္ဓသံဃာများအား လှူဒါန်းလျက် ရှိကြသည်။ ဂေါတမသံဃာဝင်တို့အတွက် လူများကြည်ညိုမှုများကို တိုးပွားစေသည်။ အဝတ်ဟောင်းများကိုစုချုပ်၍ သင်္ကန်း အဖြစ် ဝတ်ဆင်သွားရန် ပြဋ္ဌာန်းချက်ဖြင့် သံဃာအဖွဲ့ဝင်များအတွက် ထိခိုက် နစ်နာမှု ဖြစ်ထွန်းနိုင်သည်" ဟူ၍ ရှင်းပြခဲ့ပါသည်။

"တတိယအချက်မှာ ဘိက္ခုများ သစ်ပင်အောက်၌ အမြဲတမ်း တရားကျင့်သွားရန်ဖြစ်သည်။ ယခုလို သစ်ပင်အောက်၌ တရားကျင့်လေ့ရှိလာ



ပါက ယနေ့ ဖြစ်ပေါ် ပေါ်ထွန်းနေသည့် ဝိဟာရ ကျောင်းကြီးများ၊ သံဃာရာမ ကျောင်းကြီးများ ပျောက်ကွယ်လာပြီး တရားကျင့်ပုဂ္ဂိုလ် ဘိက္ခုစုများ စုစည်း နေရသည့် အစဉ်အလာပျောက်ကွယ်သွားကာ ဘိက္ခုမဟာသံဃအဖွဲ့မှာ ပြိုကွဲသွားနိုင်ပါကြောင်း အသေးစိတ်ရှင်းပြခဲ့သည်။"

စတုတ္ထပြင်ဆင်ချက်မှာ – "ဘိက္ခုတို့သည် ရာသက်ပန် မိမိကိုယ်တော် တိုင် ဆွမ်းခံစားသောက်၍နေကာ တရားကျင့်သွားရန် ဖြစ်သည်။"

"ယခုဆိုလျှင် အရှင်ဂေါတမကို သူဌေးသူကြွယ်များက ဆွမ်းစားကြွရန် မိမိတို့ အိမ်၌ ဖိတ်မန္တကပြုလျက် ရှိကြသည်။ ရှင်ဂေါတမမှာလည်း သံဃာ အပေါင်းခြံရံလျက် ကြွချီကာ ဆွမ်းကွမ်းအမျိုးမျိုးတို့ကို စားသောက်နေရပါ သည်။ ထိုသို့ဖြင့် ရှင်ဂေါတမမှာ ဂုဏ်အမြင့်တိုးတက်ကာ သူဌေးသူကြွယ်တို့၏ ဂုဏ်ပြုကြည်ညိုခြင်းကို ခံနေရပါသည်။ "

ပဉ္စမနှင့် နောက်ဆုံးအချက်မှာ – "ဘိက္ခုတို့မှာ ရာသက်ပန် သားငါး စသည့် အမဲလျာများကို စားသောက်သွားနိုင်ခွင့် ရှိစေရမည်" ဖြစ်ကြောင်း တို့ကို ကောလိယ အစရှိသော ဘိက္ခုများကို ဒေဝဒတ်မှာ ရှင်းပြ၍ စည်းရုံး သွားရန် ပြုလုပ်ခဲ့ပါသည်။

ကောလိယ အစရှိသော ဘိက္ခုတို့က ရှင်ဒေဝဒတ်ပြောစကားကို နားဝင် ခဲ့ကြပြီး သူ့နောက်က လိုက်ပါကြမည်ဟု ပြောခဲ့ကြသည်။ ထို့နောက် ဘိက္ခုများ အကြား ရှင်ဒေဝဒတ်က အမျိုးမျိုးသော နည်းမျိုးများဖြင့် ရှင်တော်မြတ်ဗုဒ္ဓအား ဆန့်ကျင်သည့် လှုပ်ရှားမှုတရပ်ကို စည်းရုံးဖန်တီးခဲ့ပါသည်။ ဒေဝဒတ်၏ စည်းရုံးမှု အောက်တွင် အချို့အချို့သော ရဟန်းသံဃာတို့ ပါဝင်လာခဲ့ကြသည်ကို တွေ့မြင် ကာ ဒေဝဒတ်သည် အားတက်သဘောကျလာခဲ့သည်။ ထိုစည်းရုံးမှုကို အားကိုး ကာ ဒေဝဒတ်သည် တနေ့တွင် ရှင်အာနန္ဒာထံသို့ ရောက်လာခဲ့ပြီး ဤသို့ဆိုပြန်ခဲ့ သည်။

"ရှင်အာနန္ဒာ ဒီနေ့ဒီအချိန်မှစပြီး ငါက ရှင်ဗုဒ္ဓ၏ ဘိက္ခုသံဃမှ ခြားနား ပြီး ဥပုသ်စသည့် သံဃာများ ဆောင်ရွက်ရသည့် ဆောင်ရွက်မှုများ အားလုံး တို့ကို လုပ်ဆောင်သွားမှာဖြစ်ကြောင်း အသင့်အား အကြောင်းလာကြားခြင်း ဖြစ်ပါတယ်။"

ဒေဝဒတ်၏ ထိုစကားများကို ကြား၍ ရှင်အာနန္ဒာမှာ အံ့ဩကာ သူအား ခဏမျှ ငေးကြည့်မိခဲ့ပြီး ဤသို့ မေးခဲ့ပါသည်။

Generated by CamScanner from intsig.com

"ရှင်ဒေဝဒတ် အသင်ပြောပြသည့်အတိုင်း အမှန်တကယ်လုပ်သွားရန် ဆုံးဖြတ်ထားပြီးပြီလား"

"ဆုံးဖြတ်ပြီးပါပြီ"အကြောင်း ဒေဝဒတ်မှာ ပြတ်သားစွာ ပြန်ဖြေကြားခဲ့ပြီး ခပ်မာမာဖြင့် ထိုနေရာမှ ထွက်ခွာသွားခဲ့ပါသည်။

ရှင်အာနန္ဒာသည် ဒေဝဒတ် ပြောခဲ့သည့် စကားများကို ဘုရားရှင်ထံ လျှောက်ထားခဲ့ရာ ခဏမျှ ဆိတ်ငြိမ်နေကာ ရှင်ဗုဒ္ဓသည် အောက်ဖော်ပြပါ အတိုင်း ဥဒါန်းကျူးခဲ့လေသည်။

လူနတ်များ အတူနေပါသည်။ ဤလောက၌ မလုပ်သင့် မလုပ်ထိုက်သည်ကို ပြုလုပ်နေခြင်းဖြင့် ဒေဝဒတ်သည် သူ့ကိုသူ ငရဲဘုံသို့ ဆင်းသက်သွားရန် လမ်းဖောက်ခြင်းသာဖြစ်၏။ ရှင်ဗုဒ္ဓ ဆက်လက်ပြောဆိုမြွက်ကြားသည်မှာ သူတော် ကောင်းတို့၏ အကျိုးကို ဆောင်ရွက်ရာသည် စိတ်ချမ်းသာမှု ဖြစ်စေ၏။ ဒုစရိုက် အမိုက်ကောင်တို့၏ အကျိုးကို ဆောက်ရွက်ရာမှာ ခက်ခဲကြမ်းတမ်း၏။ အပြစ်ကောင်များ အပြစ်ကျူးလွန်ရာမှာ ပျော်တတ်၏။ အာရိယ သူတော်တို့သည် အပြစ်သားတို့နှင့် တွဲနေရန် ခက်ခဲ၏။

ဆက်လက်ဥဒါန်းကျူးခဲ့သည်မှာ –

"သုကရာနိ အသာဓုနိ အတ္တနော အဟိတာနိစ၊
ယံဝေ ဟိတဉ္စ သာဓုဉ္စ တံဝေ ပရမဒုက္ကရံ။"

(မကောင်းပြော၊ မကောင်းလုပ်ခြင်းတို့မှာ လွယ်ကူ။ ထိုအပြုအမူတို့သည် မိမိအတွက် မကောင်းသော အကျိုးဖြစ်စေသည်။)

ဆက်လက်၍ ဘုရားရှင်သည် ဤသို့ ဥဒါန်းကျူးပြန်သည်။

"သစေ နေရသိ အတ္တာနံ ကံသော ဥပဟာတော ယထာ၊
သေ ပတ္တောသိ နိဗ္ဗာနံ သာရမ္ဘောတေန ဝိဇ္ဇတိ။"

(ကြမ်းတမ်းသော စကားများကို မဆိုရ၊ မိမိက ကြမ်းတမ်းသည့် စကားများကို ပြောဆိုပါလျှင် အခြားသူမှလည်း သင့်ကို အလားတူ တုံ့ပြန်လိမ့်မည်။ (ပဋိဝါဒ) သူ့တဖက်သားအား သူ့ပြောသည့်စကားမျိုးဖြင့် တုံ့ပြန်ပြောဆိုခြင်းတို့မှာ ဒုက္ခဆင်းရဲဖြစ်စေ၏။ ပဋိဝါဒ ပြုလုပ်သူက ထို၏ဒဏ်ကို မိမိကိုယ်တိုင် ခံရ၏။ သင့်ကိုသင် ကျိုးပဲ့နေသော ခဲမဖြူရော၍ ပြုလုပ်ထားသည့် ကြေးနီ ပန်းကန်လုံးကဲ့သို့ အသံမထွက်ဘဲ ဆိတ်ငြိမ်နေမည် ဆိုပါလျှင် ထိုသူသည် နိဗ္ဗာန် သုခ ကေန်ခံစားရမှာဖြစ်ပါသည်။)



တခါက ရာဇဂြိုဟ်၌ ဖြစ်ရပ်တခုဖြစ်ခဲ့၏။ ရှင်သာရိပုတ္တရ၏ တရားပွဲ တခု၌ ဥပါသက၊ ဥပါသိကာတို့မှာ အချင်းချင်းအလှူငွေကောက်ခံကာ ဘိက္ခုသံဃာများအား ဆွမ်းကွမ်းလှူဒါန်းသွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုသူများအနက် သူဌေး တစ်ယောက်က မိမိပိုင်(မဟာဃရ) အလွန်တန်ဖိုး ကြီးမားသည့် ခြုံထည်ကို အလှူ ငွေစုကြသည့် သူများအား လှူဒါန်းခဲ့ကာ ဤသို့ မှာကြားခဲ့သည်။ "အကယ်၍ ကောက်ခံရရှိမည့် အလှူငွေများဖြင့် ဘိက္ခုသံဃာများကို ဆွမ်းကွမ်းကပ်ပေးနိုင်မှု မလောက်မငှ ဖြစ်နေပါလျှင် ဤခြုံထည်ကို ရောင်းချပြီး ရရာငွေကြေးကို ဆွမ်းကပ်ပွဲ အတွက် သုံးစွဲသွားရန် မှာကြားခဲ့ပါသည်။ ကောက်ခံရရှိထားသော ငွေကြေးများ ဆွမ်းပွဲအတွက် လောက်ငလျှင် ဤခြုံထည်ကို မိမိတို့နှစ်သက်ရာ ရဟန်းတပါးပါးကို လှူဒါန်း သွားရန် တပါတည်း မှာကြားခဲ့သည်။"

ဆွမ်းကပ်ပွဲကို မိမိတို့ကောက်ခံခဲ့သည့် အလှူငွေဖြင့် လောက်ငပြီးစီး သွားခဲ့ ပါသည်။ သူဌေးလှူဒါန်းခဲ့သည့် မဟာဃရခြုံထည်ကို တရားဟောပေးသူ ရှင် သာရိပုတ္တအား မလှူဘဲနှင့် ရှင်ဒေဝဒတ်အား လှူဒါန်းခဲ့ကြပါသည်။ ဒေဝဒတ်မှာ ထိုမဟာဃရခြုံထည်ကို ကိုက်ဖြတ်ကာ (စီဝရ)သင်္ကန်းအဖြစ် ဝတ်ဆင်ကာ မြို့တွင်း မြို့ပြင် လျှောက်သွားသည်။ ထိုသတင်းကို ထိုစဉ်က သာဝတ္ထိတွင် သီတင်းသုံး နေထိုင်တော်မူသည့် မြတ်စွာဘုရားမှာ ရဟန်းတပါးမှ တဆင့်ကြားခဲ့ရပါသည်။ ထိုကဲ့သို့သော မြတ်သည့်ဝတ်ဆင်မှုမျိုးက ဒေဝဒတ်နှင့် မထိုက်တန်သည့် အဖြစ်ကို ဤသို့ ဖော်ကျူးခဲ့သည်။

"အနိက္ကသာဝေါ ကာသာဝံ ယော ဝတ္ထံ ပရိဒဟဿတိ၊
အပေတော ဒမသစ္စေနသ ကာသာဝမရဟတိ။"

စိတ်၏ အညစ်အကြေးတို့ကို မစွန့်ပစ်နိုင်ခဲ့သော သူမှာ လျှော်တေ သင်္ကန်း စည်းပိုင်ခွင့်မရှိ၊ ထိုသူသည် တည်ကြည်မှုနှင့် အမှန်တရားတို့မှ ကင်းကွာလျက် ရှိသူဖြစ်၏။ လျှော်တေ သင်္ကန်း ဝတ်ပိုင်ခွင့်မရှိ။

"ယောစ ဝန္တကာသာဝဿ သီလေသု သုသမာဟိတော
ဥပေတော ဒမသစ္စေန သဝေ ကာသာဝမရဟတိ။"

စိတ်၏ အညစ်အကြေးတို့ကို စွန့်ပစ်နိုင်ခဲ့သူ သီလသမာဓိနှင့် သစ္စာတရားတို့ကို ထိန်းသည့် ထိုသူသည်သာ လျှော်တေသင်္ကန်းကို စည်းသား ပိုင်ခွင့်ရှိ၏။

ဥပုသ်စောင့်ရာ ကာလဖြစ်သည်။ ထိုအချိန်က ဝဇ္ဇီတိုင်းသား ငါးဦးတို့မှာ ဥပဇ္ဈာယ်ခံယူသည့် ဗုဒ္ဓသံဃဝင် ဘိက္ခုသစ်များ ဖြစ်ကြကုန်သည်။ ၎င်းဘိက္ခု သစ်များအား ဒေဝဒတ်မှာ မဟုတ်မမှန်သော ဝါဒဖြန့်ချိမှုဖြင့် စည်းရုံးခဲ့သည်။ တနေ့သောအခါ ထိုဝဇ္ဇီတိုင်းသားဘိက္ခုတို့အား ရှေ့ကထား၍ သံဃာအဖွဲ့ စုစည်းမှုတရပ်တွင် ဒေဝဒတ်က ဤသို့ပြောဆိုစည်းရုံးခဲ့သည်။

ရှင်ကောကာလိက အပါအဝင် ဤဓမ္မသဘင်၌ စုဝေးလာခဲ့ကြသည့် အရှင်ဘိက္ခုအပေါင်းတို့ ဘိက္ခုများလိုက်နာကျင့်သုံးသွားရမည့် ဝိနည်းပြင်ဆင်ချက် (၅)ခုကို ငါသည် ရှင်ဂေါတမဗုဒ္ဓအား တင်ပြခဲ့ပါသည်။ ယင်းပြင်ဆင်ချက်များကို ရှင်ဂေါတမမှာ လက်မခံ ပယ်ချခဲ့ပါသည်။ သံဃာဘိက္ခု အပေါင်းတို့၏ ဤဓမ္မသဘာ(ဓမ္မသဘင်)၌ ငါ့အနေဖြင့် တင်ပြဆွေးနွေးဦးမည် ဖြစ်ပါသည်။ ယင်းပြင်ဆင်ချက်များကို လက်ခံသဘောတူနိုင်မည့် ဘိက္ခုအရှင်တို့က ဤသစ်သားချောင်းကို ကောက်ယူကာ မိမိတို့လက်ခံသည့် ဆန္ဒမဲကို ဖော်ပြရမည်ဖြစ်သည်။

ဝေသာလီမှ ရဟန်းအုပ်စုတို့ကို ထိုပြင်ဆင်မှုကို တချက်ချင်း တင်ပြပေးပါရန် တောင်းဆိုလာခဲ့ကြသည့်အခါ ဝတ်နည်းပြင်ဆင်ချက်တို့မှာ –

(၁) ဘိက္ခုတပါးသည် ရာသက်ပန် တောထဲ၌နေ၍ တရားကျင့်ရမည်။
(၂) ဘိက္ခုတပါးသည် သစ်ပင်ရင်းများ၌ ခိုကိုးကာ တရားကျင့်ရမည်။
(၃) ဘိက္ခုတို့မှာ အမြဲဆွမ်းခံစားပြီး တရားကျင့်ရမည်။
(၄) ဘိက္ခုတပါးပါးသည် အခြားသူများ စွန့်လွှတ်ထားသည့် အဝတ်များကို စုချုပ်၍ သင်္ကန်းအဖြစ် သုံးရပါမည်။
(၅) ဘိက္ခုတပါးပါးအား ဒါယက၊ ဒါယိကာတို့က လောင်းပေးသည့် အစားအစာဟင်းလျာ (သားငါးပင်ဖြစ်ဖြစ်) ရာသက်ပန် မှီဝဲသွားရပါမည်။

ဤဝိနည်းများကို သဘောတူနိုင်မည့် ရှင်ဘိက္ခုတို့ ဤသစ်သားချောင်းများအနက် တချောင်းစီကောက်ယူကာ မိမိတို့လက်ခံသည့် ဆန္ဒကို ဖော်ထုတ်သွားကြရန် ဖြစ်ပါသည်။

ဦးစွာပထမ ရှင်ကောကာလိက အပေါင်းပါတို့က သစ်သားချောင်းကို ကောက်ယူထောင်ပြကာ မိမိတို့လက်ခံကြောင်း ဆန္ဒဖော်ခဲ့ကြသည်။ ထို့နောက် တဆက်တည်း ဝေသာလီအုပ်စုမှ ဘိက္ခုများသည် မိမိတို့ ဆန္ဒကို အလားတူ ဖော်ခဲ့ကြသည်။ သူကြည့်ငါကြည့်ဖြင့် ဘိက္ခုအပေါင်း (၅၀၀)တို့သည် ဒေဝဒတ်၏ အဆိုပြုချက်များကို ထောက်ခံသွားခဲ့ကြပါသည်။



ထိုဖြစ်ရပ်ကို မြင်တွေ့သိရှိကာ ဒေဝဒတ်မှာ ဆတက်ထမ်းပိုး ဝမ်းသာအားရဖြစ်ကာ ဤသို့ မိန့်ကြားကျေညာခဲ့ပါသည်။ ချစ်သား ဘိက္ခုအပေါင်းတို့ ငါတို့မှာ သီးခြား ဘိက္ခုသံဃာအဖွဲ့တခုကို ဗုဒ္ဓမဟာဘိက္ခုသံဃာအဖွဲ့မှ ခွဲထုတ်တည်ထောင်သွားမှာဖြစ်သည်။ ငါတို့ခွဲထွက် ဘိက္ခုများမှာ ဂယာသီသတောင်ပေါ်သို့ ချီတက်သွားကြမည်။ ဂယာသီသတောင် (သဗ္ဗတ)မှာ ငါတို့သီတင်းသုံးမည့် နေရာဖြစ်သည်။ ပြင်ဆင်ကြလော။ မင်္ဂလာရှိသော ယနေ့ယခု အချိန်မှ စထွက်ကြမည်။ "လာကြ -- ငါနောက်က လိုက်ခဲ့ကြ" ဆိုပြီး ရှင်ဒေဝဒတ်သည် ဘိက္ခုအပေါင်း ငါးရာတို့အား ဦးဆောင်ကာ ဂယာသီသတောင်သို့ ထွက်ခွာသွားခဲ့ကြသည်။

ဓမ္မသံဃ သေနာပတိ ရှင်သာရိပုတ္တနှင့် အဂ္ဂသာဝက ရှင်မောဂ္ဂလန်တို့က ကြားသိရသည့်အခါ ထိုသတင်းကို ဘုရားရှင်အား လျှောက်ထားတင်ပြပေးခဲ့ကြသည်။ ဘုရားရှင်မှာ ဒေဝဒတ်၏ ထိုလုပ်ရပ်များကို ကြားသိ၍ ရှင်သာရိပုတ္တနှင့် ရှင်မောဂ္ဂလန်တို့အား ဤသို့ မြွက်ကြားခဲ့၏။

ရှင်သာရိပုတ္တနှင့် ရှင်မောဂ္ဂလန်အား အတူခေါ်ကာ ဂယာသီသတောင်ကို ကြွကြပါ။ ဒေဝဒတ်နှင့်အတူ လိုက်ပါသွားခဲ့ကြသည့် ဘိက္ခုတို့အား သနားကြင်နာပြီး ၎င်းတို့အား လမ်းမှန်ပေါ် ပြန်တည့်ပေးရန် လုပ်ကြပါ။

"မှန်ပါဘုရား" ဟု ဆိုကာ ဘန္တေ နှစ်ပါးတို့သည် ဒေဝဒတ်တို့ သီတင်းသုံးရာ နေရာဖြစ်သည့် ဂယာသီသတောင်ပေါ်သို့ ကြွချီခဲ့ပါသည်။

ရဟန်းနှစ်ပါးတို့သည် ထိုတောင်ထိပ်နေရာသို့ ရောက်သည့်အခါ ဒေဝဒတ်မှာ ဘိက္ခုများ ခြံရံလျက် အလယ်ဗဟိုတွင် ထိုင်ကာ တရားဟောနေကြောင်းကို အဝေးမှပင် တွေ့မြင်ခဲ့သည်။ ဒေဝဒတ်တရားဟောနေသည့် အချိန်တွင် ဘိက္ခုအချို့က အချင်းချင်းစကားပြောနေ၍ ဓမ္မသဘင်မှာ ဆူဆူညံညံ ဖြစ်နေကြောင်းကို တွေ့မြင်ရ၍ ရဟန်းနှစ်ပါးတို့မှာ အံ့သြခဲ့ရသည်။ ဓမ္မသဘင်တခု၌ ရှင်ဘော်မြတ်ဗုဒ္ဓ တရားဟောသည့်အချိန်ကာလတွင် သံဃာများနှင့် ဒကာ၊ ဒကာမ များအားလုံး တို့သည် အပ်ကျမခံ ဆိတ်ငြိမ်နေ၍ ဘုရားဟောသည့် တရားမြတ်ကို နာယူကြကုန်၏။ ဒေဝဒတ်၏ ဓမ္မသဘင်မှာ ဆူဆူညံညံဖြစ်နေကြောင်းကို တွေ့မြင်ခဲ့ရပါသည်။

သာရိပုတ္တနှင့် မောဂ္ဂလန်တို့ ကြွလာနေကြောင်းကို မြင်တွေ့၍ ဒေဝဒတ်မှာ ဝမ်းသာအားရဖြစ်ကာ သူ့ဘိက္ခုရဟန်းတို့အား ဤသို့ဆိုခဲ့၏။

အာဝုသော၊ ငါပြတဲ့ တရားဓမ္မကို အားကျပြီး သာရိပုတ္တနှင့် မောဂ္ဂလန် ပမာ ပညာရှင်ကိုယ်တော်များက ငါတို့ကို ပေါင်းဖို့လာနေကြပြီ။

Generated by CamScanner from intsig.com

သူတို့အား ကြိုဆို လိုက်ကြပါ။

ဒေဝဒတ်၏ မိန့်ကြားချက်ကို ကြားရ၍ ရှင်ကောကာလိက အနားသို့ ချဉ်းကပ်လာကာ "ဘန္တေ ယခုကြွလာနေတဲ့ ကိုယ်တော်များကို စိတ်ချလို့မဖြစ်နိုင်ဘူး၊ သတိထားရမှာ ဖြစ်ပါတယ်။"

"ရှင်ကောကာလိက ဤသို့မဆိုပါနှင့်၊ သူတို့နှစ်ပါးကို လေးစားကြည်ညိုမှုဖြင့် ငါနားသို့ ပင့်လာခဲ့လော" အဲဒီကိုယ်တော်နှစ်းပါးဟာ ငါ့အရိပ်ကို ခိုကိုးဖို့ လာနေတာဖြစ်သည်။ သင်တို့အားလုံးက အဲဒီကိုယ်တော်နှစ်ပါးကို ကြိုဆိုကြပါ။" ဟူ၍ မိန့်ကြားခဲ့သည်။

ရှင်သာရိပုတ္တနှင့် ရှင်မောဂ္ဂလန်တို့ အနီးအနားသို့ ရောက်လာသောအခါ ဒေဝဒတ်က ကြိုဆိုပျူငှာသည့် စကားများဖြင့် ၄င်းတို့အား ကြိုဆိုကာ ဘိက္ခုများ အလယ်သို့ ခေါ်လျှက် နေရာပေးထိုင်စေသည်။

"ကိုယ်တော် သာရိပုတ္တ – ကိုယ်တော်မှာ ပညာရှင်တစ်ဦးဖြစ်သည်။ ငါ့ ဘိက္ခုအစုတို့ကို တရားဟောပေးပါ" ဟူ၍ မေတ္တာရပ်ခံခဲ့သည်။ ငါသည် ပင်ပန်းလွန်းနေပြီဖြစ်၍ ခဏအနားယူမည်ဖြစ်သည်။ ဤသို့ပြောဆိုကာ ဒေဝဒတ်မှာ မလှမ်းမကမ်းသည့် နေရာတွင် ဖျာခင်း၍ အနားယူရန် လဲလျောင်းလိုက်သည်။ အမှန်တကယ်လည်း ပင်ပန်းလွန်းနေသော ဒေဝဒတ်မှာ ထိုခဏ၌ပင် အိပ်ပျော် သွားရှာခဲ့သည်။

ရှင်သာရိပုတ္တမှာ သတ္တဝါအပေါင်းတို့ အကျိုးဖြစ်စေသည့် ရှင်ဗုဒ္ဓ၏ တရားစစ်တရားမှန်တို့ အကြောင်းကို ထိုဘိက္ခုအစုအား ရှင်းလင်းဟောပြခဲ့သည်။ ဘိက္ခုအပေါင်းတို့မှာလည်း အေးဆေးစွာ ဖြင့် ရှင်သာရိပုတ္တဟောသည့် ဘုရားရှင်၏ တရားတော်များကို နာယူခဲ့ကြသည်။ ရှင်သာရိပုတ္တကိုယ်တော်ကလည်း မြင့်မြတ်သော ပညာရှင် ရဟန်းတပါး ဖြစ်သည့်အားလျော်စွာ သူဟောခဲ့သည် တရားများသည် ဆွဲဆောင်မှု အပြည့်ရှိသည်။ နာယူနေကြသော ဘိက္ခုအုပ်စုမှာ ရှင်သာရိပုတ္တ ဟောပြနေသည့် လောကအကျိုးပြု တရားများအကြောင်းကို တဖြည်းဖြည်း သဘောပေါက်နားရှင်း လာခဲ့ကြသည်။ ဓမ္မအစစ်အမှန်တို့ကို တကိုယ်ရည် ဉာဏ်မီသလောက်ကို တဦးချင်း သဘောပေါက် နားလည်လာခဲ့ကြသည်။ မိမိ၏ ဟောပြချက်များက ယင်းဘိက္ခုအပေါင်းတို့အပေါ် သက်ရောက်မှု ရှိလာခဲ့ကြောင်းကို သိမြင်ကာ ရှင်သာရိပုတ္တ က ဘိက္ခုရှင်မြတ် အပေါင်းတို့ ထကြလော၊ ငါနှင့်အတူ လိုက်ခဲ့ကြလော၊ ငါတို့ရဲ့ သသတ (ဂုရု ဆရာ) သမ္မာသံဗောဓိ ရှင်တော်မြတ် ဗုဒ္ဓထံသွားကြအောင်၊ မြတ်ဗုဒ္ဓ၏ အရိပ်အာဝါသကို



ခိုကိုးမှသာ တရားစစ် တရားမှန်ကို ရကြမည်ဖြစ်ပါသည်။ သို့ပင်ခေါ်ကာ ရှင်သာရိပုတ္တနှင့် ရှင်မောဂ္ဂလန်တို့သည် ထိုနေရာမှ ပြန်ကြွချီခဲ့သည်။ ဘိက္ခု အပေါင်း (၅၀၀)တို့မှာလည်း ရှင်သာရိပုတ္တ တို့နောက်ကို လိုက်ပါသွားရှာခဲ့ကြသည်။

ထိုအဖြစ်အပျက် ဖြစ်ပျက်နေစဉ်နှင့် ပြီးဆုံးသည့်အချိန်အထိ ရှင်ဒေဝဒတ်မှာ နှစ်ခြိုက်စွာ အိပ်ပျော်တုန်းပင် ရှိခဲ့၏။ ထိုအခြေအနေကို မြင်တွေ့နေသော ဘိက္ခု ကောကာလိကသည် အော်ဟစ်ကာ အိပ်ပျော်နေသော ဒေဝဒတ်ထံ ပြေးသွားခဲ့ပြီး၊ ထလော ဒေဝဒတ်၊ အမြန်ထလော၊ သင်က တဖက်မှာ အိပ်ပျော်နေတုန်းပဲ၊ သင့် အပေါင်းအဖော်တွေအားလုံး သာရိပုတ္တနောက်ကို ပါသွားပြီ။ အိုလူမိုက် ငါကြိုတင် ပြောခဲ့သည် မဟုတ်လော၊ အဲဒီကိုယ်တော်တွေကို မယုံကြည်ပါနှင့် သင်အိပ်ပျော် နေတုန်းမှာဘဲ သင့်အပေါင်းအဖော်တွေကို ရှင်ဂေါတမထံ ခေါ်သွားခဲ့ပြီ၊ အဲဒီ ကိုယ်တော်နှစ်ပါးက ဘယ်သောအခါမှ စိတ်ချရတာ မဟုတ်ဘူးဟု ကော်ကာလိက က ဒေါသသံဖြင့် အော်ဟစ်ပြောဆိုကာ လဲလျောင်းနေသော ဒေဝဒတ်၏ ရင်ဘတ်ကို ဒူးဖြင့် ပြင်းစွာ တိုက်ထည့်လိုက်သည်။ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်ဖြစ်၍ ဒေဝဒတ်၏ ခံတွင်းမှ သွေးများ ထွက်လာခဲ့ရပါသည်။



ဒေဝဒတ် သွေးအန်၍ မမာမကျန်းဖြစ်လာပုံ

Generated by CamScanner from intsig.com

ရှင်သာရိပုတ္တနှင့် ရှင်မောဂ္ဂလန်တို့က ဒေဝဒတ်နှင့် အပေါင်းအဖော်ဖြစ်နေသော ဘိက္ခုတို့အား အတူခေါ်လာသည်ကို မြင်တွေ့၍ ရှင်ဗုဒ္ဓအပါးတော်တွင် ရှိနေကြကုန်သော ရှင်ရဟန်းတို့က ဗုဒ္ဓအား ဝမ်းသာအားရ ဤသို့လျှောက်ထားခဲ့ကြသည်။

"အရှင် ဘန္တေ၊ သာရိပုတ္တရာနှင့် မောဂ္ဂလန် ကိုယ်တော်မြတ်တို့က ဤနေရာမှ ထွက်ခွာ သွားတုန်းကတော့ တကိုယ်တည်း ထွက်သွားခဲ့ကြသည်။ ယခု ဘိက္ခုအပေါင်းခြံရံလျက် ပြန်လာနေသည့် ရှုခင်းမှာ အလွန်တင့်တယ်လှပ၏။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်ကိုယ်တော်နှစ်ပါးကို ကြည့်ရခြင်းမှာ စိတ်ချမ်းသာမှု ဖြစ်စေပြီး တင့်တယ်လှ၏။

ထိုစကားမျိုးကို ကြားရပြီး ရှင်ဗုဒ္ဓမှာ "ချစ်သား ဘိက္ခုတို့ ရှင်သာရိပုတ္တ နှင့် ရှင်မောဂ္ဂလန်တို့မှာ ယနေ့မှပင် တင့်တယ်နေကြသည်မဟုတ်၊ ယခင့် ယခင်က လည်း ကိုယ်တော်နှစ်ပါးတို့မှာ တင့်လယ်လှပြီး ဂုဏ်ယူစရာ အမှုကိစ္စများကို အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ဖူး၍ အများ၌ တင့်တယ်လှခဲ့ဖူးပါသည်။" ဟူ၍ ချီးမွမ်းအနုမောဒနာ ပြုခဲ့ပါသည်။

သွေးအန်ပြီးနောက် ဒေဝဒတ်သည် မမာမကျန်းဖြစ်လာခဲ့ရပါသည်။ ဘိက္ခုသံဃအဖွဲ့ကိုလည်း လက်လွှတ်ခဲ့ရ၍ ဒေဝဒတ်သည် ကြီးမားသည့် စိတ်ဆင်း ရဲမှု၊ ကိုယ်ဆင်းရဲမှုတို့ကို ခံစားခဲ့ရသည်။ ယင်းဘိက္ခု ခွဲထွက်အဖွဲ့ကို သူက လုံ့လကြီးစွာဖြင့် စုစည်းထားခဲ့သည် မဟုတ်လား။ ယင်းဘိက္ခုသံဃမှာလည်း ရှင်ဗုဒ္ဓ၏ အရိပ်ကို ခိုကိုးသွားကြောင်း မြင်တွေ့ကာ ဒေဝဒတ်မှာ ကြီးမားသော စိတ်ဆင်းရဲမှုကို ခံစားခဲ့ရပါသည်။ မမာမကျန်းဖြစ်လာပြီး ဒေဝဒတ်မှာ ပိန်ချုံးလာခဲ့ရာ အချိန်ကာလတို့က (၉)လ ကြာညောင်းခဲ့ပြီဖြစ်သည်။


ဘုရင် အဇာတသတ်ထံမှလည်း မည်သည့် အားကိုးမှုမျှ မရ၊ မမာမကျန်း ဖြစ်နေသော ဒေဝဒတ်မှာ ရာဇဂြိုဟ်မြို့၏ လမ်းငယ်လမ်းကြားတွင် အစား အသောက်များကို တောင်းရမ်းစားသောက်ရသည့် ဘဝမျိုး၌ ကျရောက်ခဲ့ရပါသည်။ လူတကာတို့၏ လေးစားကြည်ညိုမှုကိုလည်း ဆုံးရှုံးခဲ့ရပါသည်။ လူတကာတို့က သူ့အား မုန်းတီးရွံရှာလာခဲ့ကြသည်။ ထိုသို့ အများ၏ ရွံရှာမုန်းတီးမှုကို ခါးသီးစွာ ခံနေရပြီးဖြစ်သော ဒေဝဒတ်မှာ မိမိကိုယ်ကိုမိမိ အဆုံးသတ်ရန် စိတ်ကူးလာခဲ့သည်။ ဒေဝဒတ်မှာ ပင်ကိုယ်အားဖြင့် ယုတ်ညံ့ကောက်ကျစ်သော သူဖြစ်သည်။ ဒေဝဒတ်လို အကျင့်ရှိသူတို့သည် ကိုယ့်ကို



ကိုယ် သတ်သေသည့် သဘာဝ မရှိကြပါ။ ထို့ကြောင့် ကိုယ့်ကိုယ်ကို သတ်သေမည့် စိတ်ကူးကို ဖယ်ရှားခဲ့သည်။

နောက်ဆုံး ကြံစည်စရာ မရှိတော့သည့် အခြေအနေမျိုး၌ ဒေဝဒတ်သည် ရှင်ဗုဒ္ဓအား ခိုကိုးရန် ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် မြတ်စွာဘုရား၏ ရှေ့တော်မှောက်တွင် အဘယ်သို့သော မျက်နှာမျိုးဖြင့် သွားရဲမည်နည်း စသည့် စိတ်ကူးများ ဒေဝဒတ်တွင် ဖြစ်တည်လာရသည်။

ကိုးလအချိန် ကြာညောင်းခဲ့ပြီ ဖြစ်သည်။ ဒေဝဒတ်မှာ သေတော့မည့် အချိန်ကာလ နီးကပ်လာကြောင်းကို ခံစားလာခဲ့ရသည်။ ထိုအချိန်တွင် ဒေဝဒတ်သည် ဘုရားရှင်အား ဖူးမြော်ရန် စိတ်စောလာခဲ့ရပါသည်။ ကျန်ရစ်ခဲ့သော သူ့တပည့်တပန်းတို့ကို သူ့အား ဘုရားရှင်ထံလိုက်ပို့ပေးရန် တောင်းဆိုလာခဲ့ရာ လမ်းလျှောက်၍မဖြစ်နိုင်သည့် ဆရာဒေဝဒတ်ကို သူ့တပည့်တို့က ပို့ပေးချင်သည့် စိတ်မရှိခဲ့ကြပါ။ သို့သော် ဆရာဒေဝဒတ်၏ အကြိမ်ကြိမ်တောင်းပန်လာခြင်းကို သနားကြင်နာလာကာ မမာမကျန်းဖြစ်နေသူ ဒေဝဒတ်အား ခုတင်တခုပေါ် လဲလျောင်းစေကာ သာဝတ္ထိမြို့သို့ ထွက်လာခဲ့ကြသည်။



ဒေဝဒတ်သည် သူ၏နောက်ဆုံးအချိန်ရောက်နေပြီဟုသိ၍
ဘုရားထံခိုကိုးခွင့်ရယူလိုကြောင်း ပြောဆိုသည့်ပုံ

ထိုအချိန်က မြတ်စွာဘုရားသည် သာဝတ္ထိမြို့ရှိ ဇေတဝန်ကျောင်း၌ ရဟန်းသံဃာ (၅၀၀)ကျော်နှင့် သီတင်းသုံးတော်မူနေခဲ့သည်။ ဇေတဝန် ဝိဟာရ ကျောင်းကို သူဌေးကြီး အနာထပိဏ် (အနာထပိန္ဍက)မှာ ဇေတမင်းသားတို့ ဥယျာဉ်ခြံကို ဝယ်ယူ၍ ဝိဟာရကျောင်းကြီးအဖြစ် တည်ဆောက်ကာ ရှင်ဗုဒ္ဓနှင့် ဘိက္ခုသံဃကို လှူဒါန်းခဲ့သည့် ကျောင်းဖြစ်သည်။

ဒေဝဒတ်မှာ သာဝတ္ထိဘက်သို့ ထွက်ခွာလာသည့်သတင်းကို ဘိက္ခုအချို့တို့က ဘုရားရှင်အား ဤသို့ လျှောက်ထားတော် မူခဲ့ကြသည်။ "အရှင်ဘုရား ရှင်တော်ဘုရားကို ဖူးမျှော်ရန် ဒေဝဒတ်သည် သာဝတ္ထိသို့ လာနေပါပြီဘုရား" ဘိက္ခုတို့၏ ထိုသတင်းစကားကို ကြားရ၍ မြတ်စွာဘုရား ဤသို့ ပြန်ဆိုတော် မူခဲ့၏။ "ချစ်သား ဘိက္ခုတို့ ဒေဝဒတ်မှာ လက်ရှိကိုယ်ခန္ဓာဖြင့် ငါဘုရားအား ဖူးမြော်မဖြစ်နိုင်ပါကြောင်း" ပြောပြခဲ့သည်။

ဝိနည်း ပြင်ဆင်ချက် (၅)ချက်ကို အကြောင်းခံကာ ဒေဝဒတ်သည် ဘိက္ခုသံဃကို ကွဲပြားသွားအောင် လုပ်ခဲ့သည့် မဟာအပြစ်တို့ကြောင့် ဒေဝဒတ် အနေဖြင့် ဘုရားရှင်ဗုဒ္ဓအား ဖူးမြော်နိုင်ခြင်း မဖြစ်နိုင်ကြောင်း ရှင်းပြခဲ့သည်။ သို့ သော် ဘိက္ခုများက အကြိမ်ကြိမ်လာရောက်၍ ဒေဝဒတ်မှာ မည်သည့်နေရာတွင် ရောက်လာပါပြီ ဆိုသည့်သတင်းကို ဆက်တိုက်ပေးခဲ့ကြသည်။ နောက်ဆုံး ဇေတဝန် ပုဆွကရိဏီ (ရေကြည်အိုင်)အထိ ရောက်ရှိနေပြီဖြစ်ကြောင်း ဘိက္ခုတို့က ဘုရားရှင်အား လျှောက်ထားခဲ့သည်။ "ချစ်သား ဘိက္ခုတို့ ဇေတဝန် ရေကန်အထိ မဆိုထားဘိ ဇေတဝန်ကျောင်းဝင်းအတွင်း ရောက်လာသည့်တိုင် ဒေဝဒတ်အနေဖြင့် ငါဘုရားရှင်အား ဖူးမြော်နိုင်မည် မဟုတ်ကြောင်း ပြန်မြွက်ကြားခဲ့သည်။

ဒေဝဒတ်ကို ခုတင်ဖြင့်တင်ကာ ထမ်းလာခဲ့သည့် သူ့အပေါင်းအဖော်များသည် ဇေတဝန်ရေအိုင်ကြီး နံဘေးတွင် ထိုခုတင်ကို အသာအယာ ချထားခဲ့ပြီး ခဏတဖြုတ် ရေချိုးအနားယူကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ခုတင်ကို မြေပေါ်ချထားကာ အပေါင်းအဖော်တို့သည် ရေချိုးကြရန် အိုင်ထဲသို့ ဆင်းခဲ့ကြသည်။ ဒေဝဒတ်မှာ ခုတင်ပေါ်ထိုင်လိုက်ပြီး မြေပေါ်သို့ ခြေချကာ ရပ်လိုက်သည်။ ဒေဝဒတ်၏ ခြေအစုံတို့ သည် နုံးမြေ၊ စမ်းမြေတွင် ကျွံဝင်လာသကဲ့သို့ မြေထဲသို့ ကျွံဝင်လာသည်။ ထိုသို့ဖြင့် ဒေဝဒတ်မှာ ပထမ ဒူးအထိ၊ ပြီးတော့ ခါးအထိ၊ တဆင့် ရင်ဘတ်အထိ၊ လည်ပင်းအထိ နစ်မြုပ်လာခဲ့ရာ ထိုအချိန်တွင် ဒေဝဒတ်မှာ အောက်ပါအတိုင်း ဂါထာဖြင့် ရွတ်ဆို အဓိဋ္ဌာန်ပြုခဲ့ပါသည်။



ကျွန်ုပ်၏ အရိုးအသားတို့ဖြင့် စီမံထားသည့် ဤခန္ဓာကိုယ် အသက်ရှိနေသည့် အချိန်ကာလအထိ သတ္တဝါအပေါင်းတို့ အကျိုးငှါတရားပြပေးသည့် သဗ္ဗညုတ ဉာဏ်ရှင်၊ ရာနှင့်ချီ၍ ပုည (ကောင်းကျိုး)လက္ခဏာနှင့် ပြည့်စုံနေသည့် မဟာဂရုဏာရှင် ဗုဒ္ဓဘုရား၏ ခိုကိုးမှု အရိပ်အာဝါသကို ခိုကိုးသွားမည်ဖြစ်ကြောင်း၊ မိမိ၏ နှုတ်မှနောက်ဆုံးအသံထွက်သည်အထိ ရွတ်ဆိုသွားသည်။ ထို့နောက် ထိုနေရာ၌ပင် ရှင်ဒေဝဒတ်မှာ မြေမျိုခံလိုက်ရ၍ အသက်ဆုံးရှုံးခဲ့ရပါသည်။

ရှင်ဗုဒ္ဓသည် အနုပိယာရွာ၌ ဒေဝဒတ်အား အခြားမင်းသားများနှင့်အတူ တရားဓမ္မ၌ ဥပဇ္ဈာယ်(ဥပဇ္ဈာယ) ပြုပေးခဲ့သည်။ အကယ်၍ သူ့အား တရားတော်၌ ဥပဇ္ဈာယ် မပြုပေးပါက ဒေဝဒတ်ဆိုသော လူပုဂ္ဂိုလ်မှာ ပိုဆိုးသွမ်းစရာ အကြောင်းများရှိနေကြောင်းကို ကြိုတင်မြင်တွေ့ကာ ဘုရားရှင်သည် ဥပဇ္ဈာယ် ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ တရားဓမ္မတို့၌ မွေ့လျော်နေရပါက ဘဝဒုက္ခမှ လွတ်ကင်းသွားရန် လမ်းကြောင်းတခုခုကို ရှာကြံသွားနိုင်မည်ကို ဘုရားရှင်က ကြိုတင်စဉ်းစား မျှော်မှန်းကာ ဒေဝဒတ်အား ဥပဇ္ဈာယ် ပြုပေးခဲ့ပါသည်။

ဒေဝဒတ်ဘဝ၏ နောက်ဆုံးဖြစ်ပျက်မှုမှာ စိတ်ဆင်းရဲစရာ၊ စိတ်မကောင်းစရာ ဖြစ်ခဲ့ရပါသည်။ ဒေဝဒတ် သေဆုံးသွားခဲ့သည့်သတင်းက ရာဇဂြိုဟ်ပြည်၌ ပျံ့နှံ့သွားခဲ့သည်။ ရာဇဂြိုဟ်မြို့သူမြို့သားများ သာမက ပြည်သူပြည်သားများကလည်း ဒေဝဒတ်သေဆုံးကြောင်း သတင်းကို ကြားသိကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်သည်။

ဒေဝဒတ်၏ အဖြစ်ဆိုးကို ကြားသိကာ အဇာတသတ်မင်းလည်း သူ့ကိုယ်သူ ကြောက်လန့်လာခဲ့ရာ မိခင် မိဖုရားကြီး ဆလနာဒေဝီနှင့်အတူ ဘုရား ရှင်၏ အရိပ်အာဝါသကို ခိုကိုးရန် ဘုရားရှင်ဗုဒ္ဓထံ သွားခဲ့ကြသည်။ မဟာကရုဏာ ရှင် ဗုဒ္ဓမှာ ကျူးလွန်ခဲ့သည့် အပြစ်များကို ခွင့်လွှတ်ခဲ့သည်။

"မှန်၏။ ရှေးဆိုရိုး စကားဆိုတခုရှိပါ၏။ ထိုစကားသည် မှန်ပါ၏။ အာကာ သပြင်တွင် တောက်ပနေသော နေမင်းပေါ် တံတွေးထွေးရန်လုပ်သော သူ၏ တံတွေးသည် သူ့မျက်နှာပေါ် ပြန်ကျ၏ ဆိုထားသော စကားသည် မှန်ပါ၏။"

စာဖတ်ပရိသတ် လူကြီးလူငယ်များခင်ဗျား – ဒေဝဒတ်လို အကုသိုလ် ဒုစရိုက်ကောင်၏ ဘဝဖြစ်ပျက်မှုတို့ဖြင့် သင်ခန်းစာယူကြပြီး မနာလိုမှု ဖြစ်ခြင်း၊

Generated by CamScanner from intsig.com

ဒေါသဖြစ်ခြင်း စသည့် မကောင်းမှုဖြစ်ပွားစေသည့် တရားများကို ရှောင်ရှားပြီး မေတ္တာတရားနှင့် သဒ္ဓါတရားကို ပွားများကာ တရားဓမ္မလမ်းကြောင်းပေါ် တည်မြဲ သွားကြပါစို့။

ဘဝတု သဗ္ဗ မင်္ဂလံ။

कुशीनारा साहित्य सदन
गोरखपुर

Generated by CamScanner from intsig.com

# About the Author



| | | |
|---|---|---|
| Name | : | Shanti Swaroop Baudh. |
| Father | : | Late Lala Hari Chand Maurya |
| Date of Birth | : | 2 October 1949 |
| Birth Place | : | Frashkhana, Old Delhi |
| Scope of work | : | Ex-President–The Buddhist Society of India (Regd.), Delhi State; Editor–Dhamma-Darpan (Hindi Quarterly); Founder–Baudh Sahitya Academy; Founder–Samyak Prakashan, New Delhi. |
| Religious Tours | : | Travelled and visited about all the important places in India and abroad. Delivered Dhamma discourses in several countries especially in Australia, England, France, Hong Kong, Singapore and Nepal etc. Training of Bauddhacharya from Gorakhpur (in 2006). |
| Occupation | : | Took voluntary retirement from Central Government after serving 21 years. Presently engaged in Export Business of handmade Paintings. |
| Specialization | : | To create and publish Buddhist Paintings depicting Buddhist heritage; Publishing Pictorial Buddhist literature for children; Glorious publication of famous Buddhist treatises; To publish Pali Tipitaka Translations in various Indian Languages. |
| Books | : | Has written about 75 books on Buddhist Ideals. Most of them have been translated in various languages. |
| Awards | : | Suryaputra Bhaiasahab Ambedkar Jiyangaurav Rashtriya Puraskar, 2001; Rashtriya Dr. Ambedkar Aditya Samman, Madhya Pradesh, 2004; Samta Samman, 2007, Maharashtra; Harshavardhan Ratna Award, 2008, Punjab; Loksurya Samman, New Delhi, 2010; Dhammasiri Award, Mahabodhi Society, Kolkata, 2010; Bhartiya Triratna Samman, New Delhi, 2010; Nalanda Bheemratna Prestgious Award, Nagpur, 2010; Dhammaratna Award, Mumbai, 2011. Mahamanav Gotam Buddh Samman, Siddharath International, Delhi, 2012, Dhhamachintak National Award, Nagpur, 2012, Manav Mitra Samman, M.P., 2012. |
| Address | : | 32/3, Pocket-3, Paschim Puri, New Delhi–63<br>Phone : 9810161823<br>email : budhdharam@bol.net.in<br>web : www.samyakprakashan.in |


**SAMYAK PRAKASHAN**

32/3, Paschimpuri, New Delhi–110063

Mob. 9810249452, 9818390161

email : budhdharam@bol.net.in

web : www.samyakprakashan.in


Generated by CamScanner from intsig.com